
280

# မိုက်ကြွေးမိုက်မြှ



ပ + ဒု

နှစ်အုပ်တွဲ

စာမူခွင့်ပြုချက်အမှတ် ၃၃ / ၂၀၀၀ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၈၇ / ၂၀၀၀ (၂)
ထုတ်ဝေကာလ ၂၀၀၀ ပြည့်နှစ်
အုပ်ရေ ၄၀၀
တန်ဖိုး၊ ၁၀၀ ကျပ်
ထုတ်ဝေသူ ဦးသန်းအောင်
နေဝင်းသစ်စာပေ
အခန်း(၄)၊ တိုက်(၅၇)၊ စံပြ ဖ.ဆ.ပ.လ
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ပုံနှိပ်သူ ဦးသန်းဝင်း
ကျော်ပုံနှိပ်တိုက်
အမှတ်(၂၃၈)၊ ခေမာသီလမ်း၊
မြောက်ဥက္ကလာပ။
မျက်နှာဖုံးရိုက် ဦးလှသိန်း
လှသိန်းဦး-ပုံနှိပ်တိုက်၊
၁၂/၁၁ နလမ်း၊ သာယာကုန်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ မြေ
တောင်ဒဂုံမြို့
ဖုန်း ၂၀၃၄၄

# ဝဏ္ဏအောင်

# မိုက်ကြေး မိုက်ပြစ်

(ပ + ၃ နှစ်အုပ်တွဲ)

ဝဏ္ဏအောင်

# မိုက်ကြွေးမိုက်ပြစ်

( ပထမပိုင်း )

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | .... ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | .... ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | .... ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

— ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

— နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

— ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဗိုလ်...
ဓနဒေဝီရွှေ...
ဖုန်း ၂၁၃၄၄

နိဒါန်း

---

ရှေးစာဆိုရှင်အချို့က....
လူတို့၏စရိုက်သည် ဆိုးညစ်သည်။
ကွပ်ညှပ်ပဲ့ပြင်ရသည်။
စည်းကမ်းဥပဒေသများဖြင့် ထိန်းချုပ်ထားရသည်ဟု ဆိုဖူးပေသည်။

သို့သော်....
လူတို့၏သဘောမှာ ခန့်မှန်းရခက်လှသဖြင့် အထက်ပါ အဆိုအမိန့်များသည် ယေဘုယျအားဖြင့် အခါခပ်သိမ်း မှန်ကန်နေမည်ဟု မဆိုသာပေ။

လူသားတို့သည် ဉာဏ်ပညာကြီးရင့်သူများ ဖြစ်ကြပေသည်။

တွေးတောစဉ်းစားမှုနှင့် ဆင်ခြင်တုံတရားသည်လည်း သတ္တဝါအားလုံးထက် သာလွန်ကြီးမြတ်ပေသည်။

ထို့ကြောင့်....

အလွန်ဆိုးညစ်သူ ဖြစ်ပါစေ၊ ဆင်ခြင်တုံတရား ဖြစ်ပေါ်လာလေသောအခါတွင် မိမိ၏ဆိုးညစ်မှုအတွက် နောင်တတရား ဖြစ်ပေါ်လာလိမ့်မည်။

နောင်တတရား ရနေချိန်တွင် အပြစ်ဆိုးသွမ်းသူ၏ နှလုံးသားသည် အပြစ်ဟူ၍ မြူမှုန်မျှမရှိဘဲ ပကတိဖြူစင်နေလိမ့်မည် ဖြစ်လေသည်။

*   *   *



---

တယန်းမြို့။
လိပ်ပြာအထည်ဆိုင်။

တယန်းမြို့ လိပ်ပြာအထည်ဆိုင်မှ မိန်းမချောလေး ချင်းယင်၏သတင်းသည် ကောက်ကျင်းတစ်နယ်လုံး မွှေးကြိုင်သင်းပျံ့လျက်ရှိပေသည်။

ချင်းယင်ယက်လုပ်သော အထည်များသည် လွန်စွာမှလှပသည့်အပြင် ခိုင်ခံ့သည်၊ တာရှည်ခံသည်။ အဆင်အခသွေး အမျိုးမျိုးဖြင့် ရှုမငြီးအောင်ရှိလေသည်။

လုပခိုင်ခံ့သော အဝတ်အထည်များကို ယက်လုပ်ခဲ့သော ချင်းယင်ကိုယ်တိုင်ကလည်း ပြိုင်ဘက်ကင်းသော အလှပိုင်ရှင် လေး ဖြစ်ပေသည်။

တယန်းမြို့မှ လူငယ်လူရွယ်များသာမက အခြားသော အရပ်များမှ လူငယ်လူရွယ်များသည်ပင် ချင်းယင်ကို လာ ရောက်ပိုးပန်းကြလေသည်။

အောင်သွယ်တော်များဖြင့် ရွှေလမ်းငွေလမ်းဖောက်ကြ သည်။

ချင်းယင်အား မြတ်နိုးတွယ်တာမိကြသူများတွင် ကြေးရေ တတ်လူကုံထံ သားသမီးများ၊ မင်းမှုထမ်းသားသမီးများ လည်း ပါဝင်ခဲ့ပေသည်။

သို့သော်....

ချင်းယင်၏မေတ္တာကို တကယ်တမ်း ဆွတ်ခူးနိုင်ခဲ့သူမှာ ပိုးချည်ကုန်သည်လေး လုဝေးဖြစ်လေသည်။

လုဝေးသည် ပိုးချည်များကို ကုန်သည်ကြီးများထံ ဖောက်သည်ယူကာ အနယ်နယ်အရပ်ရပ်သို့ လိုက်လံပို့ဆောင် ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ဖြစ်သည်။

မိဘဆွေမျိုးဉာတိများမရှိဘဲ တစ်ကောင်ကြွက် လူရိုး လူအေး လူမျိုလူရွယ်တစ်ယောက်ဖြစ်သည်။



လုဝေးနှင့်ချင်းယင်တို့သည် သုံးနှစ်သုံးမိုး မေတ္တာမျှခဲ့ကြ ပြီးနောက် လူကြီးများ၏ သဘောတူညီချက်ဖြင့် လက်ထ လိုက်ကြလေသည်။

ချင်းယင်တွင် မိခင်အိုကြီးတစ်ယောက်သာရှိပါသည်။

သူမသည်လည်း ဆွေမျိုးသားချင်းကင်းသူ ဖြစ်သည်။

တယန်းမြို့အရှေ့ပိုင်းရှိ အိမ်ကလေးတစ်လုံး၌ သားအ နှစ်ယောက် နေထိုင်ခဲ့ကြပြီး ချင်းယင်က အဝတ်အထ ယက်လုပ်ခြင်းဖြင့် မိခင်အိုကြီးအား လုပ်ကျွေးပြုစုနေခဲ့သေ သမီးအလိမ္မာလေးဖြစ်လေသည်။

ချင်းယင်နှင့် လုဝေးတို့ လက်ထပ်လိုက်ကြသောအခ လုဝေးသည် ချင်းယင်တို့အိမ်ပေါ်သို့ အလိုလိုရောက်လ တော့သည်။

ချင်းယင်၏မိခင်အိုကြီးအတွက် အားကိုးအားထားပြုစရ သားတစ်ယောက်ရလိုက်သလို ဖြစ်သည်။

လုဝေးသည် အိမ်ထောင်ကျလိုက်သည်နှင့် ခါတိုင်းထက နှစ်ဆတိုးကာ ခါတိုင်းထက်ပို၍ ကြိုးစားလေသည်။

ဇနီးမောင်နှံနှစ်ယောက်သည် တက်ညီလက်ညီ ကြိုးစ လုပ်ကိုင်နေကြရာ စီးပွားရေးကောင်းမွန်လာသည်။

ငွေကြေးစုဆောင်းမိလာသည်။

ထိုမျှမကဲသေး သားသမီးရတနာ ရရှိတော့မည့်အလား အလာပင် ဖြစ်ပေါ်လာလေသည်။

ချင်းယင်တို့ ပျော်မဆုံးအောင် ဖြစ်ရလေသည်။

သားလား သမီးလား မသိရသေးသော ရင်သွေးလေး အတွက် မျော်လင့်ချက်အိပ်မက်များကို အကောင်အထည် ဖော်နိုင်ရန် အလုပ်ကို ကြိုးကြိုးစားစား လုပ်ကိုင်ကြသည်။

သူတို့အတွက် ကံကောင်းခြင်းများလည်း ဖြစ်ပေါ်လာ သည်။

ချင်းယင်ယက်လုပ်သော အထည်များသည် ပို၍ကျော် ကြားလာပြီး ပို၍လူကြိုက်များလာကာ ဈေးပို၍ရလေသည်။

လုဝေး၏ အရောင်းအဝယ်လုပ်ငန်းလည်း တိုးတက်လာ လေသည်။

ဖောက်သည်များများ ရလာသဖြင့် ချည်ထည်များကို လိုက်လံပို့ဆောင်ပေးရလေရာ အိမ်သို့တစ်လတစ်ခေါက်သာ ပြန်နိုင်တော့သည်။

မည်သို့ဆိုစေ....

ချင်းယင်နှင့် လုဝေးတို့ ဇနီးမောင်နှံနှစ်ယောက်သည် မောပန်းသည်ဟု သဘောမထားကြပါ၊ မကြာခဏ ခရီး ထွက်နေရသော ခင်ပွန်းသည်နှင့် ခွဲခွာနေရသည်ကို မကြာမီ



မွေးဖွားလာတော့မည့် ရင်သွေးငယ်အတွက် မျှော်လင့်ချက် ဖြင့် ဖြေသိမ့်နိုင်ခဲ့၏။

သူတို့၏အိမ်ထောင်ရေးသည် အလွန်ပျော်ရွှင်ချမ်းမြေ့ စရာကောင်းသည်ဟု အများ၏ချီးကျူးခြင်း ခံခဲ့ရလေသည်။

သို့သော်....

ချင်းယင်၏ကိုယ်ဝန် လရင့်လာပြီး မွေးဖွားကာနီးအချိန် သို့ ရောက်ရှိလာလေသောအခါ ပျော်ရွှင်စရာများသည် ဆိတ် သုဉ်းသွားပြီး ဝမ်းနည်းကြေကွဲစရာများဖြင့် ကြုံတွေ့လိုက်ရ ခြင်းကြောင့် သူတို့၏ဘဝလေး ကြေမွပျက်ဆီးသွားရသည်ကို လူတိုင်း တအံ့တသြ ဖြစ်ခဲ့ကြရသည်။

ကြင်နာသနားစိတ်ဖြင့် စုပ်တသပ်သပ် ဖြစ်ခဲ့ကြရလေ တော့သည်။

* * *

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများသည် စည်းချက်ဝါးချက်ကျကျ ထွက် ပေါ်နေလေသည်။

မြင်းနှစ်ကောင်ဆွဲသော မြင်းလှည်းတစ်စီးသည် တော လမ်းအတိုင်း ခရီးနှင်နေသည်။

ထိုမြင်းလှည်းမှာ ကုန်သည်လေးလုဝေး ပိုင်ဆိုင်သော မြင်းလှည်းဖြစ်လေသည်။

ယခင်ကဆိုလျှင်....

လုဝေးသည် မြင်းလှည်းငှားရမ်းကာ ကုန်ပစ္စည်းများ သယ်ဆောင်ပြီး အမြို့မြို့အရွာရွာသို့ သွားလာခဲ့သည်။ ရောင်း ဝယ်ဖောက်ကားခဲ့လေသည်။

နောက်ပိုင်း စီးပွားရေးချောင်လည်လာသောအခါ ကိုယ် ပိုင်မြင်းလှည်းတစ်စီး ဝယ်ယူပြီး ကိုယ်တိုင်မောင်းနှင်ကာ ပစ္စည်းပို့ဆောင်ပေးခြင်းဖြင့် ကုန်ကျငွေကို ခြိုးခြံနိုင်ပြီး အမြတ်အစွန်း ပိုမိုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြလေသည်။

ယခုလည်း မဇ္ဈိမတိုင်းမှလာသော ပိုးထည်များကို ဦးဦး ဖျားဖျားရယူကာ လိုက်လံရောင်းချနေခြင်း ဖြစ်သည်။

သူ၏ပစ္စည်းများသည် လူကြိုက်များလှသဖြင့် အမြတ်ငွေ အများအပြား ရရှိခဲ့လေသည်။

ကုန်ပစ္စည်းအနည်းငယ် ကျန်သေးသဖြင့် ကုန်အောင် ရောင်းချပြီးမှ အိမ်ပြန်ရန် ဆုံးဖြတ်ထား၏။

သူ၏ဇနီးသည်ချင်းယင် မွေးဖွားတော့မည်ဖြစ်ရာ အိမ်သို့ ပြန်ရောက်လျှင် တော်တော်နှင့် ခရီးထွက်နိုင်တော့မည် မဟုတ်ချေ။



ထို့ကြောင့် အချိန်ရခိုက် လုံ့လစိုက်ကာ ကြိုးစာ
ခြင်း ဖြစ်ပေတော့သည်။

လုဝေးသည် ကောင်းလိန်မြို့သို့ ဦးတည်ခရီးနှင်ေ
ဖြစ်သည်။

ကောင်းလိန်မြို့သို့ မိုးမချုပ်မီအရောက်သွားရန်
ထားခဲ့သော်လည်း လမ်းခရီး၌ အကြောင်းအမျိုးမ
ကြန့်ကြာနေသဖြင့် မိုးချုပ်သွားသောအခါ ကောင်
မြို့နှင့် ရှစ်မိုင်ခန့်ဝေးသောအရပ်ရှိ ခရီးသည်နားခိ
တစ်ခုသို့ ရောက်သွားလေသည်။

လုဝေးလည်း မတတ်သာတော့ဘဲ ထိုနားခိုစခ
တစ်ညတာ အနားယူရန် စီစဉ်လိုက်ရလေတော့သည်။

*  *  *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျော
သွားပြီ ဖြစ်လေသည်။

နေခြည်ပျောက်ကွယ်သွားသည်နှင့် အမှောင်ထုက
လာသော်လည်း ကောင်းကင်ပေါ်တွင် လဝန်းထွ

လာသောအခါ ဝန်းကျင်တစ်ခုအလား သာသာယာယာ ဖြစ်လာလေတော့သည်။

လမ်းဆုံလမ်းခွအနီးတွင် ဈေးဆိုင်များ၊ တည်းခိုခန်းများ စုစုရုံးရုံးရှိနေပါသည်။

ခရီးသည်များ တောလမ်းမှဖြတ်သွားရင်း အချိန်လင့်သွားသောအခါ ရှေ့ဆက်ခရီးနှင်ဖို့ မဖြစ်နိုင်တော့ဘဲ တောထဲ၌ပင် ညအိပ်ကြရလေရာ ခရီးသည်တွေကို အမှီပြုရကာ စီးပွားရှာကြသော ကြားစခန်းများ ပေါ်ပေါက်လာရခြင်း ဖြစ်ပေတော့သည်။

လုဝေးသည်ကား ခရီးထွက်လျှင် ကြားစခန်းများကို အတတ်နိုင်ဆုံး ရှောင်ရှားလေ့ရှိပေသည်။

အကြောင်းမှာ....

ကြားစခန်းများသည် လူပေါင်းစုံ ဝင်ထွက်သွားလာနေကြပြီး တိတ်တိတ်ပုန်း လောင်းကစားဝိုင်းများ၊ အပျော်မယ်ရှိသောနေရာ ဖြစ်နေတတ်ခြင်းကြောင့်ပင်။

လူဆိုးလူကောင်း ရောထွေးနေသလို တရားဥပဒေစက်ကွင်းမှ လွတ်ကင်းနေ၏။

ကြားစခန်းများတွင် လုယက်မှု၊ လူသတ်မှုများလည်း မကြာခဏ ဖြစ်ပွားတတ်လေသည်။



ယခုတော့....

လုဝေးသည် ဘာမှမတတ်နိုင်တော့သဖြင့် တည်းခို
တစ်ခုသို့ ဝင်ရောက်တည်းခိုလိုက်ရလေသည်။

သူ၏မြင်းလှည်းနှင့် ကုန်ပစ္စည်းများကို အခကြေ
ပေးကာ ဆိုင်ရှင်နှင့်ဆိုင်လုလင်များကို စောင့်ရှောက်
ရလေသည်။

ထို့နောက်....

ထမင်းဆိုင်တစ်ဆိုင်၌ ညစာကို ဖြစ်သလိုစားသော
လိုက်ပြီး ငှားရမ်းထားသော စခန်းသို့ဝင်ကာ အိပ်
အနားယူလိုက်လေတော့သည်။

*   *   *

ည....

ကောင်းကင်ပေါ်တွင် လဝန်း ထိန်ထိန်သာနေသည်

ကြားစခန်းရှိ ဈေးဆိုင်အသီးသီးမှလည်း မီးရောင်
ထွက်ပေါ်နေသည်။

နေ့နေ့ညညမဟူ ကြားစခန်းများတွင် ဝင်ထွက် သွားလာသူများဖြင့် စည်ကားသိုက်မြိုက် နေတတ်ပေသည်။

လုဝေးသည် မိမိ၏ပစ္စည်းများကို တည်းခိုခန်းယိုင်ရှင်ထံတွင် အပ်နှံထားပြီးဖြစ်၍ စိတ်ချလက်ချပင် အိပ်စက်အနားယူလိုက်လေသည်။

ခရီးပမ်းကာ စိတ်မောလူမောဖြစ်နေခြင်းကြောင့် မကြာမီမှာပင် အိပ်ပျော်သွားလေသည်။

သို့ဖြင့်....

ညသန်းခေါင်အချိန်သို့ရောက်ရှိလာလေသောအခါ....

'ဟေ့....ဟေ့....မလုပ်နဲ့'

'ဝုန်း....ခွမ်း'

'အား'

'ဟား....ဟား....ဟား'

စူးရှကျယ်လောင်သောအသံ ထွက်ပေါ်လာသဖြင့် လုဝေးလန့်နိုးလာလေသည်။

အိပ်ရာထက်မှလူးလိမ့်ထကာ တံခါးဖွင့်ပြီး အခန်းအပြင်ဘက်သို့ ထွက်လိုက်သည်။

ဤတွင် ရုတ်ရုတ်သဲသဲ ဖြစ်နေသည့်အခြေအနေကို တွေ့မြင်လိုက်ရလေတော့သည်။



တည်းခိုခန်းပိုင်ရှင်နှင့် ဆိုင်လုလင်များသည် ဆိုင်တံခါးဝ၌ စုပြုံ၍ရပ်ကာ အပြင်ဘက်ကို ကြည့်နေကြသည်။

ဝေဖန် ပြောဆိုနေကြလေသည်။

ဆူဆူညံညံ အသံများ သည် တည်းခိုခန်း အပြင်ဘက်မှ ထွက်ပေါ်နေခြင်း ဖြစ်သည်။

လုဝေးသည် တည်းခိုခန်းအပြင်ဘက်၌ ထားပစ်ခဲ့ရသော သူ၏ပစ္စည်းများအတွက် စိုးရိမ်ပူပန်သွားလေသည်။

ထို့ကြောင့်....

'ဘာဖြစ်တာလဲဗျ'

ဟု မေးရင်း ပြေးလိုက်သွားလေသည်။

ဆိုင်လုလင်များကို တွန်းဖယ်ကာ အပြင်ဘက်သို့ကြည့်လိုက်လေသည်။

ထိုအခါ....

အနက်ရောင်ဝတ်ဆင်ထားသော လူသန်ကြီးတစ်ယောက်သည် ဆိုင်ရှေ့၌အစီအရီရပ်တန့်ထားသော မြင်းလှည်းများအား သူ၏ကြီးမားသော လက်ဝါးကြီးဖြင့် တဘုန်းဘုန်းမြည်အောင် ဖျက်ဆီး ရိုက်ချိုးပစ်နေသည်ကို တွေ့ရသ၏။

ထိုလူသန်ကြီး ဖျက်ဆီးပစ်လိုက်သော မြင်းလှည်းပေါ်မှ ပစ္စည်းများအား အခြားအနက်ရောင် ဝတ်ဆင်ထားကြသူများက ယူငင်နေကြ၏။

ထိုလူများသည် သူတို့သဘောမကျသည့် ပစ္စည်းများကို လွှင့်ပစ်ကြသည်။ ပေါက်ခွဲ၍လည်းကောင်း၊ စုတ်ဖြဲ၍လည်းကောင်း ဖျက်ဆီးပစ်လိုက်ကြသည်။

လုဝေး မျက်လုံးပြူးသွားလေသည်။

'ဒီလူတွေက ဘာကြောင့် ဒီလိုလုပ်ရတာလဲ'

ဟု မေးလိုက်လေသည်။

ဆိုင်လုလင်တစ်ယောက်က....

'သူတို့က ဓားပြတွေဗျ'

'ဟင်....'

'သွေးစကြာ ဓားပြဂိုဏ်းဆိုတာ မကြားဖူးဘူးလား၊ နာမည်ကြီးပေါ့ဗျ'

လုဝေး ထိတ်လန့်သွားလေသည်။

ထိုစဉ်....

'ကယ်တော်မူကြပါရှင်'



အော်ဟစ် အကူအညီတောင်းသော အသံများထွက်ပေါ်လာလေသည်။

အနက်ရောင် ဝတ်ဆင်ထားကြသူများသည် မိန်းကလေးများအား ဖမ်းဆီးခေါ်ဆောင်လာသည်ကို တွေ့ရလေသည်။

သွေးစကြာဓားပြဂိုဏ်းသားများသည် ကောင်းလိန်မြို့သို့သွားသော လမ်းခရီး၌ ကောင်းလိန်ကြားစခန်းအား လုယက်တိုက်ခိုက်နေကြခြင်း ဖြစ်ပေတော့သည်။

လုဝေးသည် သူ၏ပစ္စည်းများအတွက် စိုးရိမ်လာလေသည်။

လှမ်းကြည့်လိုက်သောအခါ ဓားပြအချို့သည် သူ၏မြင်းလှည်းအနီးသို့ ရောက်ရှိနေကြပြီး ဖျက်ဆီးရန်ဟန်ပြင်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

လုဝေး ဗျာများသွားတော့သည်။

'ကျုပ်ရဲ့မြင်းလှည်းကို ဖျက်ဆီးပစ်တော့မယ်'

သူ၏အသံကြောင့် ဆိုင်လုလင်များကော ဆိုင်ရှင်ပါ လှမ်းကြည့်လာကြလေသည်။

လုဝေးက....

'ဒုက္ခပါပဲ'

ဟု ညည်းတွားလိုက်သည်။

ထိုစဉ်....

‘ဝုန်း....’

‘ဖြောင်း’

သူ၏မြင်းလှည်းအား သေနတ်ကျည်ဆံများဖြင့် ဖျက်ဆီးပစ်လိုက်ကြလေသည်။

လုဝေးက....

‘ဟာ....သွားပါပြီ’

လုဝေးသည် ဆိုင်ရှင်နှင့် ဆိုင်လုလင်များကိုကြည့်ကာ....

‘ခင်ဗျားတို့ကို ကျုပ်က အခကြေးငွေပေးပြီး ကျုပ်ရဲ့မြင်းလှည်းကို စောင့်ရှောက်ခိုင်းထားတာ မဟုတ်လားဗျ၊ အခု ဓားပြတွေက လုယက်ဖျက်ဆီးနေတာကို ဒီအတိုင်း လက်ပိုက်ကြည့်နေကြတော့မှာလား’

ဟု အပြစ်တင် ပြောဆိုလိုက်လေသည်။

ဆိုင်ရှင်က....

‘လက်ပိုက်ကြည့်မနေလို့ ဘာလုပ်ရမှာလဲ’

လုဝေးက....

‘ကျုပ်က အခကြေးငွေပေးပြီး ကြည့်ခိုင်းထားတာကိုး’



သူ၏စကားမဆုံးမီ ဆိုင်ရှင်က ကြားဖြတ်ပြောဆိုလိုက်လေသည်။

‘ဟေ့လူ....ခင်ဗျားပိုက်ဆံလိုချင်ရင် ပြန်ယူသွား၊ ကျုပ်တို့ ကြည့်မပေးနိုင်ဘူး၊ ခင်ဗျားပစ္စည်းထက် ကျုပ်တို့အသက်က ပိုအရေးကြီးတယ်ဆိုတာ မှတ်ထားပါ’

လုဝေး ဗျာများသွားလေသည်။

‘ကျုပ်....ကျုပ်ပစ္စည်းတွေ ဆုံးတော့မယ်’

‘ဟေ့လူ....ငြိမ်ငြိမ်နေစမ်းပါ၊ တော်ကြာ ဓားပြတွေ ကျုပ်တို့ဘက်ကို အာရုံရောက်လာဦးမယ်’

ဆိုင်ရှင်က ငေါက်လိုက်လေသည်။

လုဝေးက....

‘ဟာ....ကျုပ်ပစ္စည်းတွေကို လုယူသွားမှာကို ကျုပ် လက်ပိုက်ကြည့်မနေနိုင်ဘူး’

စကားဆုံးလျှင် ဆိုင်ရှင်နှင့်ဆိုင်လုလင်များကို တွန်းဖယ်ကာ အပြင်ဘက်သို့ ပြေးထွက်သွားလေသည်။

‘ဟေ့လူ မသွားနဲ့’

ဆိုင်ရှင်နှင့် အလုပ်သမားများက ဟန့်တားလိုက်သော်လည်း လုဝေးကား ဂရုမစိုက်ချေ။

ဆိုင်အပြင်ဘက်သို့ ပြေးထွက်သွားပြီး....

'ကျုပ် မြင်းလှည်းကို မဖျက်ဆီးကြပါနဲ့၊ ကျုပ်ပစ္စည်းတွေကို မယူကြပါနဲ့၊ ချမ်းသာပေးပါ'

သူ၏မြင်းလှည်းအားဖျက်ဆီးပြီး မြင်းလှည်းပေါ်မှပစ္စည်းများအား ဆွဲချနေကြသော ဓားပြများအနီးသို့ ရောက်သွားကာ တောင်းပန်လိုက်လေသည်။

ဓားပြသုံးယောက်သည် လုဝေးကို မျက်လုံးပြူးကာကြည့်လိုက်ကြလေသည်။

လုဝေးက....

'ချမ်းသာပေးပါဗျာ၊ ကျုပ်ပစ္စည်းတွေကို မယူကြပါနဲ့'

ဓားပြတစ်ယောက်က မဲ့ပြုံးပြုံးလိုက်ပြီး....

'အံ့သြစရာပဲ၊ တို့ကိုလာပြီး တားရဲတဲ့လူတစ်ယောက်ရှိနေပါလား'

ဟု သူ၏အဖော်နှစ်ယောက်ကို ပြောလိုက်လေသည်။

ကျန်နှစ်ယောက်က....

'လာရှုပ်ရင် ရှင်းပစ်လိုက်တာပေါ့'

ဟု ပြောကြလေသည်။

လုဝေး ထိတ်လန့်သွားသည်။

'ကျုပ်....ကျုပ်ကို ချမ်းသာပေးပါဗျာ'



ဟု ကပျာကယာ တောင်းပန်လိုက်လေသည်။

ထိုစဉ်....

'ဘာဖြစ်နေကြတာလဲ'

သွေးစကြာဓားပြအဖွဲ့မှ လူသန်ကြီးသည် အနီးသို့ရောက်လာလေသည်။

ဓားပြသုံးယောက်က ဦးညွှတ်လိုက်ကြလေသည်။

'သူ့ပစ္စည်းတွေကို မယူပါနဲ့လို့ လာပြီး တောင်းပန်နေပါတယ်ဗျာ'

လူသန်ကြီးက....

'ဘာကွ'

အသံဝါကြီးဖြင့် အော်လိုက်ပြီး လုဝေးကို လှမ်းကြည့်လိုက်လေသည်။

လုဝေးက....

'ဟုတ်....ဟုတ်ပါတယ်၊ ကျုပ်....ကျုပ်ရဲ့ ပစ္စည်းတွေကို ချမ်းသာပေးပါဗျာ'

ဟု တောင်းပန်လိုက်သည်။

ဓားပြအဖွဲ့၌ သြဇာရှိသူတစ်ယောက် ရောက်လာသဖြင့် ချမ်းသာသွားကာ တောင်းပန်လိုက်ခြင်းဖြစ်လေသည်။

လူသန်ကြီးက....

'ဓားပြတိုက်နေတာကွ၊ မင်းပစ္စည်းတွေကို ဘာဖြစ်လို့ ချမ်းသာပေးရမှာလဲ'

'ဗျာ'

လုဝေး ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

လူသန်ကြီးက....

'နေပါဦး၊ သူများထက်ထူးပြီး သူကလာပြီး တောင်းပန်နေရအောင် သူ့ရဲ့ပစ္စည်းက ဘာမို့လဲ'

ဓားပြသုံးယောက်က မြင်းလှည်းပေါ်မှ ပိုးထည်များကို ချက်ချင်း ဆွဲချပြလိုက်ကြလေသည်။

'ဒီအထည်တွေပါ ဆရာ'

'တောက်'

လူသန်ကြီးက မကျေမနပ်ဖြင့် တက်ခေါက်လိုက်လေသည်။

'တွီ...မိန်းမတွေဝတ်တဲ့ ဒီပစ္စည်းတွေကို ဘာလုပ်ရမှာလဲ'

ဟု ရွံရှာပုံဖြင့်ပြော၏။

လုဝေး ဝမ်းသာသွားလေသည်။



'ဟုတ်....ဟုတ်ပါတယ်ဗျာ၊ ဆရာကြီးတို့အတွက်အသုံးမဝင်ပါဘူး၊ ဒါကြောင့် ချမ်းသာပေးဖို့ တောင်းပန်ပါတယ်ဗျာ'

သူတစ်ပါး၏ပစ္စည်းများ လုယက်ခံရသော်လည်း သူ၏ပစ္စည်းများကား ချမ်းသာရာရမည်ဟု ယုံကြည်မိလေသည်။

လူသန်ကြီးက....

'ဒီသောက်သုံးမကျတဲ့ပစ္စည်းတွေကို ဘာလုပ်ရမှာလဲ'

ဟု ထပ်အော်လိုက်သည်။

ဤတွင် ဓားပြသုံးယောက်သည် လူသန်ကြီး၏သဘောကို ကောင်းစွာ သိကြသည့်အလား ဓားများဆွဲထုတ်ကာ ပိုးထည်စများအား အပိုင်းပိုင်းဖြစ်အောင် ခုတ်ဖြတ်ပစ်လိုက်ကြတော့သည်။

လုဝေး မျက်လုံးပြူးသွားလေသည်။

'ဟာ....မလုပ်ကြပါနဲ့ဗျာ'

ပျာယာခတ်ကာ တောင်းပန်တိုးလျှိုးလိုက်သည်။

ပစ္စည်းများ ဆုံးရှုံးရတော့မည်ဟူသော အသိကြောင့် ခြေမကိုင်မိ လက်မကိုင်မိ ဗျာများနေရခြင်း ဖြစ်ပေတော့သည်။

ဓားပြသုံးယောက်ကား ပိုးထည်စများကို ဓားဖြင့် နုတ် နုတ်စင်းပစ်နေကြလေတော့သည်။

လုဝေးသည် အပူမီးတောက်သောင်ကာ ...

'မလုပ်ပါနဲ့၊ မလုပ်ကြပါနဲ့ဗျာ'

ဟု တောင်းပန်ကာ ဓားပြသုံးယောက်ကို ဝင်ဆွဲလေသည်။

ဤတွင်....

'ဒီကောင် သေချင်ပြီ'

လူသန်ကြီးက ငေါက်လိုက်သည်။

လုဝေး၏လည်ကုပ်ကို လက်ဖြင့် လှမ်းဆွဲလိုက်ရာ လုဝေးမှာ ယက်ကန်ယက်ကန်ဖြင့် ပါလာလေသည်။

'သွားစမ်း'

လူသန်ကြီးက ဆွဲယမ်းလွှင့်ပစ်လိုက်လျှင်....

'ဝုန်း'

မလှမ်းမကမ်းတစ်နေရာသို့ လုဝေး တလိမ့်ကောက်ကွေးကျသွားလေတော့သည်။

လုဝေးသည် ပစ္စည်းများ ဆုံးရှုံးသွားသည့်အပြင် တစ်ကိုယ်လုံးနာကျင်သွားသဖြင့် ဒေါပွသွားကာ....

'ခင်ဗျားတို့ လူယုတ်မာတွေ'

ဟု အော်ပြောလိုက်မိလေသည်။



'ဘာကွ'

လူသန်ကြီးက မျက်လုံးပြူး၍ ကြည့်လာသည်။

တစ်ဖန် ဓားပြတစ်ယောက်အား ခေါင်းညိတ်ပြလိုက်လေသည်။

ထိုအခါ....

ဓားပြတစ်ယောက်သည် ဓားဆွဲကာ လုဝေးထံသို့ လှမ်းလာ၏။

လုဝေး ကပျာကယာ လူးလိမ့်ထရင်း....

'ခင်....ခင်ဗျား ဘာလုပ်မလို့လဲ'

ဟုမေးလိုက်သည်။

ဓားပြက ဘာမှမပြောဘဲ ရှေ့ဆက်တိုးသည်။

နှစ်ယောက်သား နီးကပ်သွားသည်။

ဓားပြ၏လက်ထဲမှဓားသည် အရောင်တဖိတ်ဖိတ်တောက်ပနေသည့်အပြင် သွေးစသွေးနများ ပေကျံနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထို့အပြင်....

ဓားပြ၏ မျက်လုံးများသည် စူးရှတောက်ပြောင်ကာ လူသတ်လိုသော အရိပ်အယောင်များ ထွက်ပေါ်နေသည်ကို တွေ့ရ၏။

ယခု...

မိမိရင်ဆိုင်နေရသောသူများမှာ လက်မရွံ့လူသတ်သမားများဖြစ်ကြောင်း လုဝေး သဘောပေါက်လာသည်။

ထိုလူများသည် လူ့အသက်ကို ဖက်ရွက်မျှပင် တန်ဖိုး မထားသူများဖြစ်ကြောင်း နားလည် သဘောပေါက်လိုက်သော်လည်း အသိနောက်ကျသွားပြီဖြစ်သည်။

'ကျုပ်....ကျုပ်ကို ချမ်းသာပေးပါ'

မိမိ၏အသက်သည် ပစ္စည်းများထက် ပို၍တန်ဖိုးရှိကြောင်း သိလိုက်ချိန်၌ အသက်ဘေးအန္တရာယ်ကို ရှောင်လွှဲ၍ မရနိုင်တော့ပါ။

ဓားပြက....

'တော်တော်ရှုပ်တဲ့ကောင် သေစမ်း'

ဟု ငေါက်ကာ ဓားဖြင့်ခုတ်ချလိုက်လေသည်။

'အမယ်လေး'

လုဝေး ငယ်သံပါအောင် အော်ဟစ်လိုက်လေသည်။



ကြောက်အားလန့်အားဖြင့် နောက်သို့ တအား
လိုက်၏။

'ဝုန်း'

ကံကောင်းထောက်မကာ ဓားပြ၏ ဓားချက်မှ
ပြောက်သွားခဲ့သော်လည်း မြေပေါ်လဲကျသွားကာ
လေးပတ် လိမ့်သွားလေသည်။

လုဝေးသည် ကပျာကယာ လူးလိမ့်ထရန် ကြ
လိုက်၏။

ထိုစဉ်....

'ရှုပ်လိုက်တာ'

လူသန်ကြီး၏ အသံထွက်ပေါ်လာ၏။

လုဝေး မော့ကြည့်လိုက်ရာ မြေပေါ်လိမ့်သွား
တိုက်တိုက်ဆိုင်ဆိုင် လူသန်ကြီး၏ခြေထောက်ရှေ့သို့
နေကြောင်း တွေ့ရလေသည်။

လုဝေးက ချမ်းသာပေးဖို့တောင်းပန်ရန် ဟန်ပြင်နေ

'သေစမ်း'

လူသန်ကြီး၏ ခြေထောက်တစ်ဖက် ကြွတက်သ
လည်မျိုကို နင်းချခံရလေသည်။

'အစ်....အစ်'

*

လုဝေးသည် အကြောက်အကန် ရုန်းကန်လိုက်သော်လည်း မလွတ်မြောက်နိုင်ပါတော့ချေ။

အလေးအပင်ကြီးတစ်ခုဖြင့် လည်မျိုကို ဖိထားခံရသကဲ့သို့ ရှိရကာ အသက်ရှူ၍ မရတော့ပါ။

လုဝေး၏ မျက်လုံးပြူးထွက်လာသလို မျက်နှာတစ်ခုလုံး ပြာနှမ်းလာလေသည်။

လူသန်ကြီးက အားစိုက်ကာ နင်းချလိုက်လျှင်....

‘ဖြောက်....ဖြောက်’

အရိုးများ ကျိုးသွားသော အသံများ ထွက်ပေါ်လာသည်။

လုဝေး၏နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာသည်။

လူသန်ကြီးက ခြေထောက်ကို ရုပ်သိမ်းလိုက်သောအခါ လုဝေးက တုတ်တုတ်မျှ မလှုပ်တော့ပါ။

လူသန်ကြီးက ဂရုမစိုက်ချေ။

‘ကဲ....ရတာအကုန်ယူပေတော့၊ တို့ သွားကြမယ်’

အခြားသော လုယက်သူများကို အော်ပြောကာ ထွက်သွား၏။



အဖြစ်အပျက်ကိုကြည့်နေကြသော တည်းခိုခန်းပိုင်ရှင် ဆိုင်လုလင်များမှာ သေဆုံးသွားရှာပြီဖြစ်သော လု[...] အတွက် စိတ်မကောင်း ဖြစ်သွားကြလေသည်။

ဆိုင်ရှင်က....

‘ပစ္စည်းဥစ္စာဆိုတာ မျက်လှည့်မျိုးပါ၊ ဆုံးရှုံးသွားခဲ့[...] တောင် ပြန်ရှာလို့ရနိုင်ပါတယ်၊ လူ့အသက်တစ်ချောင်း[...] ပိုပြီး တန်ဖိုးရှိတယ်ဆိုတာကို မစဉ်းစားနိုင်လောက်အော[...] တပ်မက်မှုလောဘ ဖုံးလွှမ်းနေတာကြောင့် ခုလိုအဖြစ်ဆို[...] ကြုံတွေ့လိုက်ရတာပဲ’

ဟု မှတ်ချက်ချလိုက်လေသည်။

များမကြာမီ...

သွေးစကြာခေါ်ပြအဖွဲ့သည် ကြားစခန်းလေးအား စိ[...] တိုင်းကျ လုယက်ယူငင်ပြီး ပြန်လည်ထွက်ခွာ သွားကြ[...] တော့သည်။

* * *

လုဝေးသည် သွေးစကြာဝေးပြအဖွဲ့၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့ရကြောင်း ချင်းယင်သိရသောအခါ အရူးတစ်ပိုင်း ဖြစ်ခဲ့ရလေသည်။

သူမသည် လူဝေး၏ အလောင်းကို တယန်းမြို့သို့ ခဲခဲယဉ်းယဉ်း သယ်ဆောင်ယူကာ သင်္ဂြိုဟ်ခဲ့လေသည်။

ခင်ပွန်းသည် မရှိတော့သည့်နောက်ပိုင်း လောကပေါ်တွင် ဆက်လက်ရှင်သန်နေလိုစိတ်ပင် ကုန်ခန်းသွား၏။

သို့သော်....

အပြစ်မရှိသော ရင်သွေးငယ်လေးကို ငဲ့ကွက်ကာ ကြေကွဲစိတ်ကို ချုပ်တည်းခဲ့သော အကြံရှိင်းများကို စွန့်လွှတ်ခဲ့လေသည်။

လုဝေးမရှိတော့သည့်တိုင် လုဝေး၏ကိုယ်ပွားလေးကို ရရှိထားပြီးဖြစ်၍ ကြီးပြင်းလာသည်အထိ မွေးမြူစောင့်ရှောက်သွားရန် သူမတွင် တာဝန်ရှိနေပြီဖြစ်သည်။

ချင်းယင်သည် ရင်သွေးငယ်အတွက် ဘဝကိုရုန်းကန်ကာ ဆက်လက်ရှင်သန်ခဲ့ရလေတော့သည်။

* * *



---

အရက်ဆိုင်လေး....

အရက်ဆိုင်လေး၏ ချောင်ကျကျစားပွဲတစ်လုံး၌ လူသုံးယောက်ဝိုင်းဖွဲ့ထိုင်ကာ အရက်သောက်နေကြလေသည်။

ထိုလူသုံးယောက်သည် အဝါရောင်ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထားကြပြီး ခါးကိုယ်စီ ခါးချိတ်ထားကြလေသည်။

သူတို့၏အသားအရည်သည် သူတို့ဝတ်ဆင်ထားကြသော အဝတ်အစားများကဲ့သို့ ဝါကြန့်ကြန့်ဖြစ်နေ၏။

ရုပ်တရက်ကြည့်လျှင် နာတာရှည်ရောဂါဝေဒနာ ခံစားနေရသော လူမမာများနှင့်တူလှပေသည်။

သို့သော်....

သူတို့တွင် မည်သို့သော ရောဂါဝေဒနာမျိုးမှ မရှိကြဘဲ သူတို့နှင့်ဆုံတွေ့ကြရသူများသာလျှင် ရောဂါဝေဒနာတစ်ခုခု ရရှိသွားတတ်ကြလေသည်။

ထိုလူသုံးယောက်မှာ အနက်ရောင်သိုင်းလောကမှ နဂါးမြစ်ညီနောင်သုံးဖော်ဟု ထင်ရှားသော သိုင်းသမားများ ဖြစ်ကြလေသည်။

နဂါးမြစ်ညီနောင်သုံးဖော်သည် ငွေရလျှင် ဘာမဆို လုပ်ဝံ့ကြသူများလည်း ဖြစ်ကြလေသည်။

ထို့ပြင်...

သူတို့သည် အလွန်လျှို့ဝှက်စွာ နေထိုင်တတ်ကြပြီး အကြောင်းကိစ္စရှိမှ သိုင်းလောက၌ ထွက်ပေါ်လာတတ်ကြသူများ ဖြစ်သည်။

ယခု....

နဂါးမြစ်ညီနောင်သုံးဖော်သည် မထင်ရှားသော မြို့ကလေးတစ်မြို့၏မြို့စွန်မှ အရက်ဆိုင်ငယ်လေးတစ်ဆိုင်၌ ရောက်ရှိနေကြပြီဖြစ်လည်း။

သူတို့သိုင်းလောကသို့ ထွက်ပေါ်လာကြသည်မှာ အဘယ့်ကြောင့်ပါနည်း။



ထူးခြားသော အကြောင်းကိစ္စရှိရမည်မှာ သေချာနေပေတော့သည်။

* * *

နဂါးမြစ်ညီနောင်သုံးဖော် အရက်ဆိုင်လေးအတွင်း ရောက်ရှိနေကြသည်မှာ အချိန်အတော်ကြာသွားပြီဖြစ်သည်။

အရက်နှင့်စားစရာ မှာကြားကာ ဝိုင်းဖွဲ့ထိုင်နေကြသော်လည်း တစ်ယောက်ကို အရက်နှစ်ခွက်ထက် ပိုမသောက်ကြချေ။

သူတို့သည် အရက်ဆိုင်တံခါးဝဆီသို့ မကြာခဏ လှမ်း၍လှမ်း၍ ကြည့်နေကြသေး၏။

တစ်စုံတစ်ယောက်အား စောင့်မျှော်နေကြခြင်း ဖြစ်ကြောင်း ထင်ရှားလေသည်။

နဂါးမြစ်ညီနောင်သုံးဖော်အနက် အကြီးဆုံးဖြစ်သော လုံတက....

'ခုထိ ရောက်မလာသေးဘူး'

ဟု စိတ်ပျက်သောလေသံဖြင့် ရေရွတ်လိုက်လေသည်။

လုံတ၏စကားအဆုံးတွင် ဒုတိယလူဖြစ်သော လုံအောင်က....

'ကျုပ်ကတော့ ခုလိုစောင့်ဆိုင်းရတာမျိုးကို အမုန်းဆုံးပဲ၊ သူမပါဘဲ အလုပ်မဖြစ်ဘောဘူးတဲ့လား၊ ကျုပ်တို့သုံးယောက်က မလုပ်နိုင်ကြတော့ဘူးတဲ့လား'

ဟု မကျေမနပ်ပြောလေသည်။

တတိယလူလုံစန်းက....

'အလုပ်ရှင်က သူနဲ့လက်တွဲလုပ်ရမယ်လို့ သေသေချာချာ မှာလိုက်တာပဲလေ၊ ကျုပ်တို့ သဘောတူလက်ခံပြီးမှတော့ သူနဲ့သက်တွဲပြီး လုပ်ရတော့မှာပေါ့၊ ဒီဆိုင်လေးမှာ နေမွန်းတည့်ချိန်ရောက်ရင် တွေ့ဆုံကြမယ်လို့ ချိန်းထားတယ်မဟုတ်လား၊ နေမွန်းဘည့်ဖို့ လိုပါသေးတယ်၊ အချိန်တန်တော့ ရောက်လာမှာပေါ့'

ဟု ပြောလေသည်။

လုံတက....

'လုံစန်းပြောတာ မှန်တယ်၊ သူဟာ တိကျပြတ်သားတဲ့ လူတစ်ယောက်လို့ သတင်းကြီးနေတာပဲ၊ အချိန်တန်ရင် ရောက်လာမှာပေါ့၊ တို့ဘစ်ခွေ စိဘ်စောနေလို့ပဲဖြစ်မယ်၊ ကဲ....ကဲ....သောက်သိုက်ကြဦးစို့'

ပြောပြောဆိုဆို အရက်တစ်ခွက်စီ ငှဲသောက်လိုက်သည်။



လုံအောင်က ဘာမှမပြောတော့ပါ။

လုံတငှဲပေးသည့် အရက်ခွက်ကိုယူကာ တစ်ရှိန်ထိုးမော့ချလိုက်လေသည်။

လုံတနှင့်လုံစန်းတို့ကလည်း တတိယမြောက်အရက်ခွက်ကို သောက်လိုက်ကြလေသည်။

ထိုစဉ်....

လူတစ်ယောက်က သူတို့အနီးသို့ ရောက်ရှိလာလေသည်။

* * *

နေမွန်းတည့်တော့မည် ဖြစ်သည်။

အရက်ဆိုင်လေးအတွင်း၌ တစ်စထက်ဘစ်စ လူရှင်းသွားလေသည်။

နဂါးမြစ်မှ ညီနောင်သုံးဖော်ကား အရက်ဆိုင်လေးအတွင်း၌ ထိုင်နေကြဆဲ....

ထိုစဉ်....

အရက်ဆိုင်ထဲသို့ လူတစ်ယောက် ဝင်ရောက်လာလေသည်။

ထိုလူမှာ အနက်ရောင်ဝတ်ဆင်ထားပြီး မျက်နှာလေး ထောင့်စပ်စပ် ရှိသူဖြစ်သည်။

သူ၏မျက်လုံးများသည်ကား သေးငယ် ကျဉ်းမြောင်းပြီး တြိဂံပုံသဏ္ဌာန်ရှိလေသည်။

ရက်စက်ကြမ်းကြုတ်ပြီး ကောက်ကျစ်စဉ်းလဲသူ ဖြစ်ကြောင်း ထင်ရှားပေသည်။

ထိုလူ ဝင်ရောက်လာသည်ကိုမြင်လျှင် ဆိုင်လုလင်သည် ပျာပျာသလဲ သွားရောက်ကြိုဆိုလိုက်လေသည်။

အရက်ဆိုင်ထဲ၌ အရက်သောက်နေသူ အချို့ကလည်း ချက်ချင်း ထရပ်လိုက်ကြ၏။

အနက်ရောင် ဝတ်ထားသူအား ကြောက်ရွံ့ ရိုသေသည့် သဘော၊ ဂါရဝပြုသည့်သဘော ဖြစ်ပေတော့သည်။

သို့သော်....

နဂါးမြစ်ညီနောင် သုံးဖော်ကား လုံးဝအမှုမထားဘဲ အေးအေးဆေးဆေးထိုင်ကာ အရက်သောက်နေကြသည်။

အနက်ရောင်ဝတ်ထားသူသည် နဂါးမြစ်ညီနောင် သုံးဖော်ကို လှမ်းကြည့်လိုက်လေသည်။



နဂါးမြစ်ညီနောင် သုံးဖော်က သူ့အား အမှုမထားဘဲ နေသည်ကိုတွေ့ရလျှင် မကျေမနပ် ဖြစ်သွားကြလေသည်။

ချက်ချင်းပင်....

'မင်းက ငါ့ကိုသိတယ် ဟုတ်လား'

ဟု မေးလိုက်လေသည်။

ဆိုင်လုလင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'ဗျာ'

'ဟေ့ကောင်....မင်းက ငါ့ကိုတောင် မသိဘူးလား'

'သိ....သိပါတယ်ဆရာ'

ဆိုင်လုလင် ကပျာကယာ ပြောလိုက်လေသည်။

ထိုလူက....

'သိရင် ပြောစမ်း ငါဘယ်သူလဲ'

ဟု ငေါက်လိုက်သည်။

ဆိုင်လုလင်က....

'ဆ....ဆရာနှာမည် ကျင်းထုံပါ'

'ဘာကွ၊ ငါ့နှာမည်ကျင်းထုံ ဟုတ်လား၊ ကောင်းပြီ ငါက ဘာကောင်လဲဆိုတာ ပြောစမ်း'

'ဆရာ... ဆရာဟာ ဒီမြို့ကလေးမှာ လူတိုင်းကြောက်ရွံ့ရှိသေရတဲ့သူပါ ခင်ဗျာ'

'ဟား...ဟား... ဟား....ဒီလိုမှပေါ့၊ မင်းကကော ငါ့ကို မကြောက်ဘူးလား'

'ဟာ... ကြောက်.... ကြောက်ပါတယ်ခင်ဗျာ'

ဆိုင်လုလင်၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားကာ ထစ်ထစ်ငေါ့ငေါ့ ပြောလေသည်။

ထိုလူ(ဝါ)ကျင်းထုံက....

'ကောင်းပြီ၊ငါ့ကိုကြောက်တယ်ဆိုရင် ငါ့ရှေ့ဒူးထောက်ပြီး ထွက်သွားစမ်း'

ဟု အမိန့်ပေးလိုက်လေသည်။

ဆိုင်လုလင် ဘာမှမပြောဝံ့ဘဲ ကပျာကယာဒူးထောက်ချလိုက်သည်။

ထို့နောက် ကျင်းထုံနှင့်ဝေးရာသို့ လေးဘက်ထောက်ကာ ထွက်သွား၏။

'ဟား...ဟား....ဟား....ဟား'

ကျင်းထုံက ဟားတိုက်ရယ်မောလိုက်လေသည်။



သူ၏ရယ်သံသည် အရက်ဆိုင်လေးခေါင်မိုး ပွင့်ထွက်သွားမတတ် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ထို့နောက်....

'ကျင်းထုံအကြောင်းကိုသိရင် ကျင်းထုံကို ရိုသေ လေးစားရမှာပေါ့၊ ကျင်းထုံရောက်တဲ့နေရာတိုင်းမှာ လူတိုင်းမြှားပြားဝပ်သွားစေရမယ်'

ဟု ကြုံးဝါးလိုက်သည်။

သူ၏ ခြေလှမ်းများသည် နဂါးမြစ်ညီနောင် သုံးဖော်ထံသို့ ဦးတည်နေပါတော့သည်။

နဂါးမြစ်ညီနောင် သုံးဖော်ကား အေးအေးဆေးဆေး ထိုင်နေကြသည်။

ကျင်းထုံသည် အနီးသို့ရောက်လာလျှင် စားပွဲပေါ်မှ အရက်အိုးကို ဖျတ်ခနဲဆွဲယူလိုက်ပြီး....

'ဒီအရက်က တော်တော်ကောင်းမယ် ထင်တယ်'

ဟု ပြောကာ အိုးလိုက်မော့သောက်လိုက်လေသည်။

နဂါးညီနောင်သုံးဖော် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

လုံတက သက်ပြင်းချလိုက်သည်။

ကျင်းထုံကိုကြည့်လိုက်ပြီး....

'ခင်ဗျား ဝေးဝေးသွားနေတာ ကောင်းမယ်'

ဟု ပြောလိုက်လေသည်။

'ဟား....ဟား....ဟား'

ကျင်းထုံက ဟားတိုက်ရယ်မောလိုက်လေသည်။

'ကျုပ်က ဘာကြောင့် ဝေးဝေးသွားနေရမှာလဲ'

ဟု ခနဲ့လိုက်လေသည်။

လုံတက....

'ကျုပ်က လူသတ်မိမှာကို စိုးရိမ်လို့ပါ'

'ဘာ....'

ကျင်းထုံ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

လုံတကို မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

လုံတက....

'ကျုပ်က ငွေမရဘဲ လူမသတ်ချင်ဘူးဗျ'

ဟု ပြောလိုက်ပြန်သည်။

ကျင်းထုံ မျက်မှောင်ကုတ်သွားသည်။

'ဘာပြောတယ်၊ မင်းတို့ဘာ ကြေးစားလူသတ်သမားတွေ ဟုတ်လား'



လုံတက....

'မင်းမသွားသေးဘူးလား'

ဟု ထပ်ပြောလိုက်သည်။

ကျင်းထုံ ဒေါသထွက်သွားလေသည်။

'ကျုပ်က မင်းတို့ကို ကြောက်နေရမှာလား'

ပြောရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

သူ၏ခါး၌ ချိတ်ဆွဲထားသောဓားမှာ ဓားအိမ်သာရှိပြီး ဓားမရှိတော့ဘဲ ဟောင်းလောင်းဖြစ်နေသည်။

ဓားသည် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

ထိုစဉ်....

'မင်းက ဓားလိုက်ရှာနေတာလား'

လုံအော၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းထုံက လှည့်ကြည့်လိုက်၏။

ဤတွင်....

လုံအော၏လက်ထဲ၌ ဓားတစ်လက်ကိုင်ဆောင်ထားသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟာ'

ကျင်းထုံ လွှတ်ခနဲ အော်လိုက်လေသည်။

လုံအောင့်သည် မည်သည့်အချိန်က သူ၏ဓားကို ဆွဲယူသွားကြောင်း လုံးဝ မသိလိုက်ရပါချေ။

ကြောက်စရာကောင်းသူများနှင့် ကြုံတွေ့နေရပြီ ဖြစ်ကြောင်း နားလည်လိုက်လေသည်။

ကျင်းထုံ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

လုံအောင့်တို့က သူ့အား ပြုံးကြည့်နေကြ၏။

ကျင်းထုံသည် ကပျာကယာ နောက်လှည့်ကာ ထွက်ပြေးသွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ခြွမ်း'

ကျယ်လောင်သောအသံတစ်သံ ထွက်ပေါ်လာ၏။

ဓားတစ်လက်သည် ပစ်လွှင့်လာပြီး ကျင်းထုံ၏ ဟောင်းလောင်းဖြစ်နေသော ဓားအိမ်ထဲသို့ မြွေတစ်ကောင် တွင်းဝင်သည့်နှယ် လျှောခနဲ ဝင်သွားလေသည်။

'ချပ်'

ဓားအိမ်ထဲသို့ ဓားဝင်သွားပြီးသည်နှင့် ကျင်းထုံလည်း ခြေလှမ်း တုံ့ခနဲ ရပ်သွားလေသည်။



တို့အတူ....

အရက်ဆိုင်လေးထဲ၌လည်း အပ်ကျသံ ကြားရလေ အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ကျင်းထုံသည် အဖြစ်အပျက်ကို မယုံနိုင်အောင်ဖြစ်နေ ၏။

နဂါးမြစ်ညီနောင်သုံးဖော်အား မျက်လုံးပြူးကာ လိုက်လေသည်။

လုံအောင့်တို့က အေးအေးဆေးဆေး ထိုင်နေကြသည်။

ကျင်းထုံက....

'ခင်....ခင်ဗျားတို့'

လုံတာက....

'မင်းက လေးဖက်ထောက်ပြီး ထွက်သွားပါလား'

ဟု ပြောလိုက်သည်။

ကျင်းထုံ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သူက ဆိုင်လုလင်အပေါ် မတရားလုပ်ခဲ့သမျှ ဝဋ်လ ပြီ ဖြစ်လေသည်။

သို့သော်....

ကျင်းထုံသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်သည်။

ထို့နောက်....

လေးဖက်ထောက်ကာ ဆိုင်အပြင်ဘက်သို့ ထွက်သွားလေတော့သည်။

* * *

ကျင်းထုံသည် လူဆိုးလူမိုက်တစ်ယောက်ဖြစ်သည်။

တစ်မြို့လုံး သူ၏နှိပ်စက်မှုကို မခံဖူးသူ မရှိပေ။

ယခုတော့....

ကျင်းထုံသည် ခြေသုတ်ပုဆိုး မြေစွယ်ကျိုးဖြစ်ကာ ထွက်ပြေးသွားရပြီဖြစ်လေသည်။

ဆိုင်ရှင်နှင့် ဆိုင်လုလင်များသည် နဂါးမြစ်ညီနောင်သုံးဖော်အား အလိုလိုကြောက်ရွံ့သွားကြပေတော့သည်။



ကျင်းထုံ ထွက်သွားပြီးသောအခါ လုံတက အရက်ခွက် ငှဲ့သောက်လိုက်ပြီး....

'သူ ရောက်လာဖို့ကောင်းပြီ'

ဟု ပြောလိုက်သည်။

လုံအော့က....

'ဟုတ်တယ်၊ နေမွန်းတည့်နေပြီ'

ဟု ထောက်ခံလိုက်သည်။

ထိုစဉ်....

ဆိုင်ထဲသို့ လူတစ်ယောက် ဝင်ရောက်လာသည်ကို ေ
လိုက်ရလေသည်။

လုံစန်းက....

'သူ ရောက်လာပြီ'

ဟု ပြောလိုက်လေသည်။

* * *

အရက်ဆိုင်ထဲသို့ လူတစ်ယောက် ရောက်လာလေသည်။

ထိုလူဝင်လာသည်နှင့် တစ်ဆိုင်လုံး အေးစိမ့်သော အငွေ့အသက်များ လွှမ်းမိုးသွားသည်ဟု ခံစားလိုက်ကြရလေသည်။

ထိုလူသည် အသားဖြူဖပ်ဖြူရော်၊ အသက်သုံးဆယ်ခန့်ရှိသော လူရွယ်တစ်ယောက်ဖြစ်လေသည်။

အစိမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

ရုတ်တရက်ကြည့်လျှင် စာပေသမားတစ်ယောက် အသွင်ရှိသည်။

သို့သော်....

သူ၏မျက်လုံးများက စာပေသမား တစ်ယောက်ကဲ့သို့ နူးညံ့သိမ်မွေ့ခြင်း၊ နွေးထွေးခြင်းမျိုး ရှိမနေပါ။

အေးစက်မာကျောပြီး ခံစားချက်ကင်းမဲ့ သူတစ်ယောက် ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေတော့သည်။

ထိုလူရွယ်သည် နဂါးမြစ်ညီနောင်သုံးဖော်ထံသို့ ဦးဘည်ကာ လှမ်းလာလေသည်။

နဂါးမြစ်ညီနောင်သုံးဖော်သည် ထိုလူကို မျက်တောင်မခတ် ကြည့်နေကြလေသည်။



လူရွယ်သည် အနီးသို့ရောက်လာလျှင် လွတ်နေသော ထိုင်ခုံတစ်လုံးကိုဆွဲကာ ထိုင်ချလိုက်လေသည်။

လုံတက....

'မင်း အချိန်မှန်သားပဲ'

ဟု ပြောလိုက်သည်။

လူရွယ်က....

'ကျုပ် ကျန်းဟိုဟာ ဘယ်တုန်းကများ နောက်ကျတာရှိဘူးလို့လဲ'

ဟု ခပ်ပြတ်ပြတ် ပြောလေသည်။

လုံတက....

'ကျုပ်တို့ ဆရာက မင်းနဲ့လက်တွဲပြီး အလုပ်လုပ်ရမယ်လို့ ပြောလိုက်တယ်၊ ရှင်းရှင်းပြောရရင် မင်းနဲ့ လက်တွဲရမှာကို ကျုပ်တို့ သဘောမကျဘူး'

လူရွယ်က....

'ဒါဖြင့် ပြန်သွားကြပေါ့ဗျာ'

လုံတက....

'ကျုပ်တို့ဆရာ အမိန့်ကို လွန်ဆန်လို့မရဘူး၊ ဒါကြောင့် မင်းနဲ့ မတတ်သာတဲ့ လက်တွဲရမှာ'

လူရွယ်က....

'ခင်ဗျားတို့က စကားပြောပြီး အချိန်ဖြုန်းနေမှာလား၊ အလုပ်လုပ်ကြမှာလား'

လုံတက....

'အလုပ်လုပ်ကြတာပေါ့'

လူရွယ် ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ ကျုပ် ဘာလုပ်ရမယ်ဆိုတာ ပြောပါ'

လုံတက....

'ကျုပ်တို့က လူတစ်ယောက်ကို သုတ်သင်ရှင်းလင်းပေးဖို့ အလုပ်လက်ခံထားတယ်၊ ဒါပေမယ့် ကျုပ်တို့ရဲ့ အလုပ်ကို အနှောင့်အယှက် ဖြစ်ပေါ်စေမယ့် ကိစ္စတစ်ခု ရှိနေတယ်၊ ဒီကိစ္စကို မင်းကတာဝန်ယူဖြေရှင်းပေးရမယ်'

လူရွယ်က....

'ကျုပ် ဘာလုပ်ရမယ်ဆိုတာကို ပွင့်ပွင့်လင်းလင်း ပြောပါ'

ဟု ခပ်ပြတ်ပြတ် မေးလိုက်လေသည်။

လုံတက....



'ကျုပ်တို့က ရွှေဓားဝူကျင်းကို လုပ်ကြံမယ်၊ မင်းကတော့ ရွှေဓားဝူကျင်းရဲ့ မိတ်ဆွေ ငွေဓားရှောင်စန်းကို ဟန့်တား ပေးဖို့ပါပဲ'

လူရွယ် မျက်မှောင်ကုတ်သွားလေသည်။

'ငွေဓားရှောင်စန်း ဟုတ်လား'

'ဟုတ်တယ်'

'ကျုပ်က သူ့ကို ဟန့်တားရမှာလား၊ သုတ်သင်ပေးရ မှာလား'

'ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ရွှေဓားဝူကျင်းကို လုပ်ကြံတဲ့ အချိန်မှာ ငွေဓားရှောင်စန်း ရောက်မလာအောင် တားဆီး ထားနိုင်ရင် ပြီးတာပဲ'

လူရွယ်က....

'ခင်ဗျားတို့ ဘယ်တော့ လုပ်ငန်းစမလဲ'

'ဒီနေ့'

လူရွယ်က ခေါင်းညိတ်လိုက်ပြန်လေသည်။

'ကောင်းတယ်၊ အလုပ်တစ်ခုကို မြန်မြန် လုပ်တာပဲ ကောင်းတယ်၊ ကျုပ်က ငွေဓားရှောင်စန်းကို ဘယ်လောက် ကြာကြာ ဟန့်တားပေးရမလဲဆိုတာ ပြောပါ'

လုံတက....

'ဒီကနေ့ နေဝင်ဆည်းဆာအချိန်ရောက်တဲ့အထိ တားဆီးထားရလိမ့်မယ်'

လူရှယ်က....

'ကျုပ်အတွက် လုပ်အားခက....'

လုံတက....

'ငွေဒင်္ဂါး ငါးထောင်'

လူရှယ်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

'ငါးထောင်'

'ဟုတ်တယ်'

လူရှယ် ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ် လက်မခံနိုင်ဘူး'

'ဘာ....ဘာဖြစ်လို့လဲ'

'ကျုပ်က အလုပ်တစ်ခုလုပ်တိုင်း ငွေဒင်္ဂါး တစ်သောင်းယူတယ်၊ ဘာအလုပ်ပဲ ဖြစ်ဖြစ်ပေါ့'

လုံတက....

'ဒါဖြင့် ငွေခါးကို တားဆီးပေးဖို့ ငွေတစ်သောင်းပေးရမယ် ဆိုပါတော့'



'ဟုတ်တယ်၊ ရွှေခါးထက် ငွေခါးက ပိုပြီးကြောက်စရာကောင်းတယ်ဆိုတာ သိုင်းလောက တစ်ခုလုံးက သိထားကြတာပဲ'

လုံတတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ငွေခါးရှောင်စန်းနှင့် ရွှေခါးဝူကျင်းတို့သည် အလွန်ရင်းနှီးသော မိတ်ဆွေများဖြစ်ကြလေသည်။

သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော အဖြူရောင်သိုင်းသမားကြီးများလည်း ဖြစ်ကြသည်။

ရွှေခါးဝူကျင်းထက်စာလျှင် ငွေခါးရှောင်စန်းက ပို၍နာမည်ကြီးလေသည်။

ငွေခါးရှောင်စန်းသည် ရှောင်လင်ကျောင်း၌ ခုနစ်နှစ်ခန့် နေထိုင်ခဲ့ပြီး ရှောင်လင်ကျောင်း၏ ပြိုင်ဘက်ကင်းသော နဂါးနိုင်ခါးသိုင်းမှ သိုင်းကွက်အချို့ကို သင်ကြားခဲ့ရသဖြင့် ရွှေခါးဝူကျင်းထက်ပို၍ ထင်ရှားခြင်း ဖြစ်လေသည်။

ရွှေခါးဝူကျင်းနှင့် ငွေခါးရှောင်စန်းတို့ နှစ်ယောက်သည် သိုင်းလောက၌ ပြိုင်ဘက်ကင်း ခါးသမားများလည်း ဖြစ်ကြလေသည်။

လုံတတို့သုံးယောက်သည် ငွေဓားကိုရှောင်ပြီး ရွှေဓားကို သုတ်သင်ဖို့ တမင်ရွေးချယ်လိုက်ကြခြင်းမှာ ပို၍ ခက်ခဲပြီး အန္တရာယ်များသောအလုပ်ကို လူရွယ်အပေါ် ပုံချလိုက်ပြီး လွယ်ကူမည့်အလုပ်ကို ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း ထင်ရှားနေပေတော့သည်။

မည်သို့ဆိုစေ…

လူရွယ်သည် အလွန်ခေါင်းမာပြီး ကြောက်ရွံ့စိတ် ကင်းမဲ့သူဖြစ်ကြောင်း ထင်ရှားနေပေတော့သည်။

လူရွယ်က…

'ခင်ဗျား ဘယ်လိုဆုံးဖြတ်မလဲ'

ဟု မေးလိုက်သည်။

လုံတက…

'မင်းတာဝန်က ငွေဓားကို ဟန့်တားရုံပဲဆိုတော့ ငါးထောင်ပဲ ယူသင့်တာပေါ့'

လူရွယ် တိုင်ရာမှထလိုက်သည်။

လုံတကို စိုက်ကြည့်လိုက်ပြီး….

'ခင်ဗျားဆရာကို ပြောလိုက်ပါ၊ တခြားလူကို ရှာပါလို့'

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်။



လုံတ မျက်လုံးပြူးသွားလေသည်။

'မင်း ဘယ်သွားမလို့လဲ'

လူရွယ်က လှည့်မကြည့်ချေ။

လုံတ မနေနိုင်တော့ပေ။

တိုင်ရာမှထကာ လူရွယ်နောက်သို့ ပြေးလိုက်သွားပြီး….

'ကျုပ်ဆရာက ငွေဓားကိုဟန့်တားဖို့ မင်းကိုပဲသုံးရမယ်လို့ မှာလိုက်တယ်၊ ဒါကြောင့် မင်းတောင်းတဲ့အတိုင်း ငွေတစ်သောင်းပေးမယ်'

ဟု ပြောလိုက်လေသည်။

လူရွယ် ခြေလှမ်းတုံ့ခနဲ ရပ်သွားလေသည်။

လုံတကို လှည့်ကြည့်ကာ….

'ခင်ဗျားက သက်သက်မဲ့ အချိန်ဖြုန်းတာပဲ၊ ခွဲပေးပါ'

ဟု ပြောလေသည်။

လုံတက….

'ရော့'

ငွေဒင်္ဂါးတစ်သောင်း တန်ဖိုးရှိသော ငွေလွှဲလက်မှတ်တစ်စောင် ထုတ်ပေးလိုက်လေသည်။

လူရှယ်က ငွေလွဲလက်မှတ်ကိုယူပြီး....

'မိုးချုပ်တာနဲ့ ကျုပ်တာဝန်ကျေပြီ'

ဟု ပြောလိုက်လေသည်။

ထို့နောက် ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

'နေဦး'

လုံတက ဟန့်တားလိုက်လေသည်။

လူရှယ်က....

'ခင်ဗျား ဘာပြောချင်လို့လဲ'

လုံတက....

'ငွေခေါ်းကို ဘယ်လိုဟန့်တားရမယ်ဆိုတာ ကျုပ်ပြောပြ
မလို့'

လူရှယ် မျက်မှောင်ကုတ်သွား၏။

သို့သော် ဘာမှမပြောဘဲ နားထောင်နေလိုက်သည်။

လုံတက....

'ဒီကနေ့ဟာ ရွှေခေါ်းက တောင်ပေါ်ဘုန်းကျောင်း
သွားပြီး ဘုရားဝတ်ပြုမယ့်နေ့ပဲ၊ ငွေခေါ်းနဲ့ တောင်ပေါ်
ဘုန်းကျောင်းမှာ ဆုံတွေ့ကြဖို့ ချိန်းထားတယ်၊ ဒါကြော



ငွေခေါ်းက ထင်းထိုက်လမ်းကနေ တောင်ပေါ်ဘုန်းကျော
ကို လာလိမ့်မယ်'

လူရှယ်ပြုံးလိုက်သည်။

'ကျုပ်က ထင်းထိုက်လမ်းကစောင့်ပြီး ငွေခေါ်းကို ဟ
တားရမှာပေါ့ ဟုတ်လား'

လုံတက....

'ဟုတ်တယ်၊ နေဝင်သွားတာနဲ့ မင်းရဲ့တာဝန်ပြီးပါပြီ'

'ကောင်းပြီ၊ ကျုပ်သွားမယ်'

ယခုတစ်ကြိမ်....

လုံတသည် ဟန့်တားခြင်းမပြုဘဲ ခေါင်းညိတ်လိုက်သည်။

'မင်း တာဝန်ကျေပါစေ၊ ကျုပ်တို့ အောင်ပွဲခံနိုင်
ဆိုရင် မင်းကို ကောင်းကောင်းကြီး ကျွေးမွေးပြုစုပါဦးမယ်'

ဟု ပြောလိုက်၏။

လူရှယ်က မကြားချင်ဟန်ဆောင်ကာ ထွက်သွားလေ
သည်။

*

လူရှယ် ထွက်သွားပြီဖြစ်သည်။

လုံတက မျက်တောင်မခတ် ကြည့်နေဆဲ....

လုံအောင့်နှင့်လုံစန်းတို့က လုံတအနီးသို့ ရောက်ရှိလာကြလေသည်။

လုံအောင့်က....

'သူသေသွားပြီလား'

ဟု မေးလိုက်လေသည်။

လုံတ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

လုံအောင့်က....

'သူက....'

လုံတက....

'တို့စီစဉ်ထားတဲ့အတိုင်း ကွက်တိပဲ၊ သူက ထင်းထိုက်လမ်းဆုံကိုသွားပြီး ငွေခေါးကို တားဆီးလိမ့်မယ်'

ဟု ပြောလေသည်။

လုံအောင့်က....

'ဒါဆို ကျုပ်တို့ လက်ပိုက်ကြည့်နေရုံပဲပေါ့'



လုံတက....

'ဟုတ်တယ်လေ၊ သူက ငွေခေါးကို ရင်ဆိုင်မယ်ဆိုမှတော့ ကျုပ်တို့ ဘာလုပ်ရဦးမှာလဲ၊ လက်ပိုက်ကြည့်နေကြဖို့ပဲ ရှိတော့တာပေါ့'

လုံစန်းက....

'အင်း....တကယ်လို့သာ ရွှေခေါးက တောင်ပေါ်ဘု ကျောင်းကို လာစရာအကြောင်းမရှိဘူး၊ ကျုပ်တို့က ငွေခေါး ကို သုဘ်သင်ရှင်းသင်းပစ်ဖို့သာ အလုပ်လက်ခံထားကြတယ် ဆိုတာ သူသိသွားရင် ဘယ်လိုနေမယ်မသိဘူး'

ဟု ပြောသည်။

ထို့နောက် သုံးယောက်သား တစ်ယောက်ကိုတစ်ယော ကြည့်ကာ....

'ဟား... ဟား....ဟား'

ကျယ်လောင်စွာ ရယ်မောလိုက်ကြလေတော့သည်။

သူတို့သည် လူရှယ်ကို တစ်ပတ်ရိုက်လိုက်ကြခြင်း ဖြစ်ေ သည်။

အကယ်၍....

သူတို့ တစ်ပတ်ရိုက်လိုက်သည်ကို လူရှယ်သိသွားမည်ဆို လျှင် လူရှယ်သည် မည်သူဖြစ်ပါသနည်း။

ထိုလူရှုယ်မှာ သိုင်းလောကတစ်ခုလုံး ခေါင်းကိုက်နေကြရသော 'မင်းအသက်ငါ့ပေး' ကျန်းဟို ဖြစ်လေသည်။

ကျန်းဟိုသည် ကြေးစားလူသတ်သမား တစ်ယောက်လည်း ဖြစ်သည်။

ကျန်းဟိုနှင့် တွေ့သူတိုင်းသည် ကျန်းဟိုခံယူထားသော ဘွဲ့ထူးအတိုင်း သူတို့၏အသက်ကို ကျန်းဟိုအား ပေးလိုက်ကြရသည်ချည်း ဖြစ်ပေတော့သည်။

*   *   *

ထင်းထိုက်လမ်း။

ထင်းထိုက်လမ်းသည် ထင်ရှားကျော်ကြားသော တောင်ပေါ်ဘုံကျောင်းသို့ သွားသည့်လမ်းများအနက် တစ်ခုအပါအဝင် ဖြစ်လေသည်။

ထင်းထိုက်လမ်းခရီး၏ သုံးပုံနှစ်ပုံခန့်သည် တောအုပ်များ ဖုံးလွှမ်းနေသည်။

တောလမ်းခရီးမှ ဖြတ်သန်းရခြင်း ဖြစ်လေသည်။



ယနေ့....

ငွေဓားရှောင်စန်းသည် တောင်ပေါ် ဘုံကျော
သွားရန် စီစဉ်ထားလေသည်။

သူ၏အသက် ငါးဆယ်ပြည့် မွေးနေ့အဖြစ် တော
ဘုံကျောင်းသို့သွားကာ ကောင်းမှုကုသိုလ် ပြုလုပ်မ
လေသည်။

ငွေဓားရှောင်စန်းသည် ထင်းထိုက်လမ်း၏ တစ်စိ
ဒေသဖြစ်သော တောလမ်းခရီးမှ မြင်းတစ်စီးဖြင့်
သန်းလာခဲ့လေသည်။

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများသည် စည်းချက်ဝါးချက်ကျကျ
ပေါ်နေ၏။

ဝန်းကျင်တစ်ခုလုံး စိမ်းလန်းစိုပြည်ကာ သာပ
နေလေသည်။

အဝေးမှ ကျေးငှက်သာရကာကလေးများ၏
ဘာဝ တေးသီကြွေးသံများကို ကြားနေရသည်။

ရောင်စုံ ပန်းကလေးများလည်း ဖူးပွင့်နေကြ
ကြိုင်သင်းပျံ့သော ပန်းရနံ့များသည် ဝန်းကျင်တ
လွှင့်ပျံ့နေလေသည်။

ငွေခားရှောင်စန်းသည် တောလမ်းမှ ဖြတ်သန်းလာရင်း စိတ်လည်း ကြည်လင်၍နေလေသည်။

တောင်ပေါ်ဘုံကျောင်းသို့သွားရောက်ဝတ်ပြုပြီး ညနေစောင်း အချိန်တွင် စစ်လိန်မြို့သို့ ခရီးဆက်ရမည် ဖြစ်သည်။

စစ်လိန်မြို့တွင် သူ၏အရင်းနှီးဆုံး မိတ်ဆွေများနှင့်အတူ ညစာစားသောက်ရန် ချိန်းဆိုထားလေသည်။

ငွေခားရှောင်စန်းသည် ညစာစားပွဲအစီအစဉ်ကို တွေးတောရင်း မြင်းစီးလာခဲ့ရာ တစ်နေရာသို့ ရောက်သော အခါ....

'ဝှစ်....ဝှစ်....ဝှစ်'

စူးရှသော လေတိုးသံများ ထွက်ပေါ်လာလေသည်။

လက်နက်ပုန်းကလေးများသည် လေထုကိုထိုးခွဲကာ ပစ်သွင်းလာလေသည်။

ငွေခားရှောင်စန်း၏ အတွေးများ ပြတ်တောက်သွား လေသည်။

တစ်စုံတစ်ယောက်က ချောင်းမြောင်း တိုက်ခိုက်လာပြီ ဖြစ်ကြောင်း ရိပ်မိလိုက်သည်နှင့်....

'ဟိတ်....'



ဝြာသံတစ်ချက်ပေးကာ မြင်းပေါ်မှ ခုန်ထွက်လို သည်။

ခန္ဓာကိုယ်ကို လေထဲတစ်ပတ်လှည့်ကာ ပစ်လွှင့်လာ လက်နက်ပုန်းများကို ရှောင်တိမ်းလိုက်လေသည်။

လက်နက်ပုန်းများသည် ငွေခားရှောင်စန်းကို ရှောင်စန်းစီးနင်းလာသည့် မြင်းကိုထိမှန်သွားလေသ

'ထောက်....ထောက်....ထောက်'

လက်နက်ပုန်းလေးများသည် မြင်းညိုကြီး၏ ခန္ဓ ထဲ နက်ရှိုင်းစွာ ထိုးဖောက် နစ်မြုပ်သွားလေသည်

'ဟီး....ဟီး....ဟီး'

မြင်းညိုကြီးသည်နာကျင်စွာဖြင့်ဟီလိုက်ပြီး ပ လိုက်သည်။

ထို့နောက်....

'ဝုန်း....'

မြေပေါ်လဲကျသွားတော့သည်။

လက်နက်ပုန်းများကို ရှောင်တိမ်းလိုက်သော ရှော က မြေပေါ်သို့ အသာအယာ ခုန်ဆင်းလိုက်သည်။

သူ့ကိုယ်စား လက်နက်ပုန်းဒဏ်ခံသွားရသော မြ ကြီးအား စိတ်မကောင်းစွာ ကြည့်လိုက်သည်။

သူ၏မွေးနေ့တွင် စိတ်မကောင်းစရာ အဖြစ်နှင့် ကြုံတွေ့လိုက်ရသောကြောင့် မကျေမနပ် ဖြစ်သွားလေသည်။

လက်နက်ပုန်းပစ်လွှင့်လာရာဆီသို့ လှမ်းကြည့်လိုက်ပြီး....

'မင်းတို့က ကျုပ်ကိုတိုက်ခိုက်ချင်တယ်ဆိုရင် ခိုးကြောင်ခိုးဝှက် လုပ်မနေပါနဲ့ ထွက်လာကြပါ'

ဟု အော်ပြောလိုက်၏။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

'ဝှစ်....ဝှစ်... ဝှစ်'

လက်နက်ပုန်းများ တရစပ်ပစ်လွှင့်လာလေသည်။

ယခုတစ်ကြိမ်....

လက်နက်ပုန်းများသည် နောက်ကျောဘက်မှ ပစ်လွှင့်လာခြင်းဖြစ်လေသည်။

ငွေခားရှောင်စန်းက ချာခနဲလှည့်လိုက်၏။

ပထမတစ်ကြိမ် လက်နက်ပုန်းများဖြင့် တိုက်ခိုက်လာခြင်းသည် အရှေ့ဘက်မှ ဖြစ်သည်။

ယခုတော့ အနောက်ဘက်မှ တိုက်ခိုက်လာသည်။

ရန်သူများသည် သူ့အား ရှေ့နောက်နှစ်ဖက် ညှပ်ကာ ဝိုင်းရံထားကြသည်ဟု ထင်စရာရှိလေသည်။



ရှောင်စန်းက....

'ကျုပ်ကို ဒီလိုအလစ်ချောင်းပြီးလုပ်ကြံလို့ ဘယ်တော့မှ မရဘူးဆိုတာ မှတ်ထားပါ'

ဟု အော်ပြောလိုက်သည်။

တစ်ဖန် လက်ဝှေ့ယမ်းလိုက်လေသည်။

သူက အင်္ကျီလက်ကိုခါထုတ်လိုက်သည်နှင့် လေပွေသိုင်းတစ်ခု ဖြစ်ပေါ်လာလေသည်။

ပစ်လွှင့်လာသော လက်နက်ပုန်းများသည် မြေပေါ်သို့ တဖြုတ်ဖြုတ် ပြုတ်ကျသွားလေတော့သည်။

ငွေခားရှောင်စန်းက လက်နက်ပုန်းလေးများကို ကြည့်လိုက်လေသည်။

လက်နက်ပုန်းလေးများမှာ သံဖြင့်ပြုလုပ်ထားသော သံစူးလေးများဖြစ်လေသည်။

ထုလုပ်ပုံမှာ ပုံပန်းမကျပါ။

သို့သော်....

ထိမှန်ပါက ဒုက္ခရောက်သွားနိုင်လေသည်။

မည်သို့ဆိုစေ....

ရှောင်စန်းကား ထို သံ စူး လက် နက် ပုန်း လေးများကို အထင်မကြီးချေ။

ထိုလက်နက်ပုန်းလေးများသည် သိုင်းလောကဌ် အဆင့်အတန်းမရှိသော သိုင်းသမားများ အသုံးပြုလေ့ရှိသော အပေါစား လက်နက်ပုန်းများအဖြစ်နားလည်ထားလေသည်။

ရှောင်စန်း နှာခေါင်းရှုံ့လိုက်လေသည်။

'မင်း ဒီအတိုင်း လုပ်ကြံဖို့ ကြိုးစားမယ်ဆိုရင် ကျုပ်ရဲ့အရိပ်ကိုတောင် မီအောင်ပစ်နိုင်မှာမဟုတ်ဘူး၊ မင်း ထွက်လာခဲ့ရင် ကောင်းမယ်'

ဟု ပြောလိုက်သည်။

ထိုစဉ်....

'ဝှစ်.... ဝှစ်.... ဝှစ်'

လက်နက်ပုန်းလေးများသည် တစ်နေရာမှ ပစ်လွှင့်လာပြန်သည်။

သံစူးလက်နက်ပုန်းကလေးများပင် ဖြစ်သည်။

ရှောင်စန်း မကျေမနပ်ဖြစ်သွားလေသည်။

'ဟော့....ထွက်လာခဲ့လို့ပြောနေတာ မကြားဘူးလား'

ဟု အော်လိုက်သည်။



တစ်ဖန်....

ဖမ်းယူထားသော လက်နက်ပုန်းကလေးများကို ယာဘက်သို့ ပစ်လွှင့်လိုက်လေသည်။

ယခုတစ်ကြိမ်....

ရန်သူသည် ယာဘက်မှ တိုက်ခိုက်လာလိမ့်မည်ဖြစ်ကြောင်း သူ ရိပ်မိထားလေသည်။

'ဝှစ်....ဝှစ်....ဝှစ်'

ရှောင်စန်း ပစ်လွှင့်လိုက်သော လက်နက်ပုန်းများသည် ယာဘက်တောအုပ်ထဲသို့ ပစ်လွှင့်လာလေသည်။

လက်နက်ပုန်းကလေးများသည် အချင်းချင်း ထိမှန်သွားပြီးလျှင်....

'ခြွင်....ခြွင်....ခြွင်'

မြေပေါ်သို့ ပြုတ်ကျသွားကြလေတော့သည်။

ရှောင်စန်းက မဲ့ပြုံးပြုံးလိုက်သည်။

'မင်းပညာ ဒါအကုန်ပဲလား'

ဟု ပြောလိုက်သည်။

လက်နက်ပုန်းလေးများသည် ထပ်မံပစ်လွှင့်လာခြင်း မရှိတော့ပေ။

ဝန်းကျင်တစ်ခုလုံး ပြန်လည် တိတ်ဆိတ် ငြိမ်သက်သွားလေသည်။

ရှောင်စန်းက အရှေ့ဘက်သို့ မျက်နှာမူလိုက်ပြီး....

'မင်းက နေရာအမျိုးမျိုးပြောင်းပြီး တိုက်ခိုက်နေပေမယ့် လူအများက ဝိုင်းပြီး တိုက်ခိုက်နေတယ်လို့ ကျုပ်က ထင်မှာမဟုတ်ဘူး၊ မင်းတစ်ယောက်တည်းကပဲ ကျုပ်ကို တိုက်ခိုက်နေတယ်ဆိုတာ ကျုပ်သိပါတယ်'

ဟု ပြောလိုက်လေသည်။

သူ၏စကားသံနှင့် မနေးမဝေးမှာပင် သစ်ပင်များကြားမှ လူတစ်ယောက် ထွက်ပေါ်လာလေသည်။

ထိုလူမှာ အစိမ်းရောင်ဝတ်ထားသော လူရွယ်ဖြစ်လေသည်။

ထိုလူရွယ်မှာ မင်းအသက်ငါးပေး ကျန်းဟိုပင် ဖြစ်လေသည်။

ကျန်းဟိုက....

'ခင်ဗျား ရိပ်မိသွားမယ်ဆိုတာ ကျုပ်သိပါတယ်'

ဟု ပြောလိုက်သည်။

ရှောင်စန်းသည် ကျန်းဟိုအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....



'မင်း ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ကိုတိုက်ခိုက်နေရတာလဲ'

ဟု မေးလိုက်လေသည်။

ကျန်းဟိုက....

'ငွေကြောင့်ပေါ့ဗျာ'

'ငွေ'

'ဟုတ်တယ်'

ရှောင်စန်းက....

'လက်စသတ်တော့ မင်းဟာ ကြေးစား လူသတ်သမား တစ်ယောက် ဖြစ်နေတာကိုး'

ကျန်းဟိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

ရှောင်စန်းက နှာခေါင်းရှုံ့လိုက်သည်။

'ကျုပ်က မင်းတို့လို လူစိတ်ကင်းမဲ့ပြီး ငွေမျက်နှာတစ်ခုတည်း ကြည့်တဲ့လူတွေကို အမုန်းဆုံးပဲ၊ ကျုပ်တွေ့ခဲ့ရသမျှ ကြေးစားလူသတ်သမားတွေဆိုရင် တစ်ယောက်မှ ချမ်းသာမပေးခဲ့ဘူး'

ဟု ပြောလေသည်။

ကျန်းဟိုက....

'ကျုပ်ကလဲ ငွေလက်ခံထားပြီးပါပြီ၊ ဒါကြောင့် ခင်ဗျားကို ရှင်းပစ်ရမှာပဲ'

ရှောင်စန်းက...

'ကောင်းပြီ၊ မင်း ကြိုးစားပါ၊ ကျုပ်ကလဲ မင်းကို ချမ်းသာပေးမှာ မဟုတ်ဘူး'

သူက ပြတ်သားစွာ ပြောလိုက်သည်။

သို့သော် ခါး၌ချိတ်ဆွဲထားသော ငွေဓားကို ဆွဲထုတ်ခြင်း မပြုချေ။

ကျန်းဟိုအား အထင်သေးသည့်သဘော ဖြစ်လေသည်။

ကျန်းဟိုက....

'ခင်ဗျား သတိထားပါ'

စကားဆုံးလျှင် လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်လေသည်။

'ဝှစ်....ဝှစ်....ဝှစ်'

စူးရှသော လေတိုးသံများ ထွက်ပေါ်လာသည်။

ဝင်းလက်တောက်ပသော အလင်းရောင်များလည်းထွက်ပေါ်လာလေသည်။



လက်နက်ပုန်းကလေးများသည် ပျားပိတုန်းလေးများအလား ရှောင်စန်းထံသို့ ပစ်လွှင့်လိုက်လေသည်။

ရှောင်စန်း မဲ့ပြုံးပြုံးလိုက်သည်။

'မင်းပညာ ဒါအကုန်ပဲလား'

ဟုပြော၍ကာ အင်္ကျီလက်ကို ဝှေ့ယမ်းကာ ရိုက်ထုတ်လိုက်လေသည်။

လေဗွေလှိုင်းတစ်ခုသည် လက်နက်ပုန်းလေးများကို ရိုက်ထုတ်ပစ်လိုက်လေသည်။

ယခုတစ်ကြိမ်....

လက်နက်ပုန်းအချို့သည် မြေပေါ်ပြုတ်ကျသွားသော်လည်း လက်နက်ပုန်းအချို့သည် လေဗွေလှိုင်းကို ထိုးဖောက်ကာ ရှေ့ဆက်ပစ်လွှင့်လာ၏။

မူလပစ်လွှင့်လာသည့်အရှိန်ကား လေဗွေလှိုင်းနှင့် ထိတွေ့လိုက်သဖြင့် တစ်ဝက်ခန့်လျော့ကျသွားပြီ ဖြစ်သည်။

မည်သို့ဆိုစေ....

ရှေ့ဆက်ပစ်လွှင့်လာသဖြင့် အန္တရာယ် ပေးနိုင်သေး၏။

ရှောင်စန်း မျက်မှောင်ကုတ်သွားသည်။

လက်ကို နောက်တစ်ချက် ဝှေ့ယမ်းလိုက်ရလေသည်။

သူ၏လက်ကို ဆန့်ထုတ်လိုက်ရာ ပထမလေပွေလှိုင်းထက် ပြင်းထန်သော လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာလေသည်။

'ထောက်... ထောက်... ထောက်'

လက်နက်ပုန်းကလေးများအားလုံး မြေပေါ် ကျသွားတော့သည်။

ရှောင်စန်းက မကျေမနပ်ဖြင့် မြေပေါ်မှ လက်နက်ပုန်းကလေးများကို ကြည့်လိုက်လေသည်။

လက်နက်ပုန်း ကဲလေးများမှာ သံဆူးချွန်ကလေးများ မဟုတ်တော့ပါ။

ချွန်ထက်သော ခေးကလေးများ ဖြစ်နေသည်ကို တွေ့ရလေသည်။

ရှောင်စန်း မျက်မှောင်ကုတ်သွားသည်။

သိုင်းလောက၌ ကျင်လည်ကျက်စားနေကြသော သိုင်းသမားများသည် ကိုယ်သန်ရာ သန်ရာ လက်နက်များ အသုံးပြုလေ့ရှိကြပေသည်။

လက်နက်မျိုးစုံအသုံးပြုကြသူများ ရှိကြသော်လည်း ခေ ပညာကို ပိုပြီးအားသန်သူသည် လှိုရှည်ကိုကိုင်ကာ တိုက်ခိုက်ရသောအခါ ခေးကို ကိုင်ရသည်လောက် ထိရောက်အောင် အသုံးချနိုင်တော့မည် မဟုတ်ပါချေ။

ယခု...



ကျန်းဟိုသည် သံဆူးချွန်လက်နက်ပုန်းများကိုအသုံးပြုရာမှ ခေးချွန်လေးများကို ပြောင်းလဲအသုံးပြုလိုက်သည်။

ထိုသို့ အသုံးပြုလိုက်သောအခါ အရှိန်အဟုန် လျော့ကျသွားခြင်းမရှိဘဲ ပို၍ပင် အစွမ်းထက်လာနေလသည်။

ကျန်းဟိုသည် လက်နက်ပုန်းပညာကို အထူးကျွမ်းကျင်ပြီး သတိထားရမည့်သူ ဖြစ်ကြောင်း ဆင်ခြင်လိုက်မိလေသည်။

ထို့ကြောင့်...

'ဒီတစ်ခါတော့ ကျုပ်အလှည့်ပဲ'

ဟုပြောကာ မြေပေါ်ခြေဆောင့်ပြီး ကျန်းဟိုထံသို့ခုန်ဝင်လိုက်၏။

ခန္ဓာကိုယ် အပေါ်မြောက်တက်သွားပြီး လေထဲ၌ ရှိနေချိန်မှာပင် လက်ဝါးနှင့်ဖက်ကို ရိုက်ထုတ်လိုက်လေသည်။

'ဝှီး... ဝှီး'

လေတိုးသံများ ထွက်ပေါ်လာသည်။

ပြင်းထန်သော အတွင်းအား လှိုင်းများသည် ကျန်းဟိုထံသို့ တိုးဝင်သွား၏။

ရုတ်တရက်...

ကျန်းဟိုသည် သစ်ပင်များကြားသို့ လှစ်ခနဲ ခုန်ဝင်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ထို့ကြောင့် ရှောင်စန်းရိုက်ချလိုက်သော လက်ဝါး၏ ပြင်းအားသည် ကျန်းဟို ရပ်နေခဲ့သည့် အနောက်ဘက်ရှိ သစ်ပင်တစ်ပင်ကို ထိမှန်သွားလေသည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

သစ်ပင်မှာ ထက်ပိုင်းကျိုးသွားတော့၏။

ရှောင်စန်း မကျေမနပ်ဖြစ်သွားလေသည်။

'ဟေ့....ထွက်ခဲ့စမ်း'

သူက အော်ပြောလိုက်စဉ်မှာပင်....

'ဝှစ်....ဝှစ်....ဝှစ်'

လေတိုးသံများ ထွက်ပေါ်လာသည်။

လက်နက်ပုန်းလေးများသည် နောက်ကျောဘက်မှ ပစ်လွှင့်လာတော့သည်။

ရှောင်စန်း ကပျာကယာ ဝဲဘက်သို့ခုန်ထွက်ကာ ရှောင်တိမ်းလိုက်ရ၏။

'ထောက်....ထောက်....ထောက်'

လက်နက်ပုန်းလေးများသည် အစီအရီရှိနေသော သစ်ပင်များတွင် စိုက်ဝင်သွားတော့သည်။



ရှောင်စန်း ကြည့်လိုက်သောအခါ ကြယ်ပွင့်သဏ္ဍာန် လက်နက်ပုန်းလေးများ ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှောင်စန်း သက်ပြင်းချလိုက်သည်။

'မင်းရဲ့ လက်နက်ပုန်းပညာ ဘယ်ဆိုးလို့လဲ၊ ဒါပေမယ့် ကျုပ်ကို လုပ်ကြံချင်တယ်ဆိုရင်တော့ လက်နက်ပုန်းကိုချည်း သုံးနေလို့ မဖြစ်ဘူး'

ဟုပြောလိုက်သည်။

ကျန်းဟို ခေါင်းညိတ်လိုက်သည်။

'စိတ်ချ၊ ကျုပ်က လက်နက်ပုန်းကိုချည်း အားမကိုးပါဘူး'

စကားဆုံးလျှင် ရှောင်စန်းထံသို့ ခုန်ဝင်သွားလေသည်။

သူ၏ လက်ထဲ၌ ကျားပွတ်တစ်ချောင်းကိုင်ထားလေသည်။

'ဝှီး'

ကျားပွတ်သည် မြွေတစ်ကောင်ပမာ ရှောင်စန်းထံသို့ တိုးဝင်သွား၏။

ရှောင်စန်းက အသာအယာပင် ရှောင်တိမ်းလိုက်သည်။

သူက နောက်မဆုတ်ဘဲ ကျန်းဟိုထံသို့တိုးဝင်ကာ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ကျန်းဟိုက လက်ထဲမှ ကျာပွတ်ကိုလွှတ်လိုက်၏။

သူ၏ လက်ထဲ၌ လှံတိုတစ်လက်ပါလာ၏။

ထိုလှံတိုဖြင့် လျှပ်တစ်ပြက် ထိုးသွင်းတိုက်ခိုက်လိုက်လေသည်။

ရှောင်စန်း ရင်ထိတ်သွားပြီး ကပျာကယာရှောင်လိုက်၏။

ခန္ဓာကိုယ်တစ်ပတ်လှည့်ကာ ခြေထောက်ဖြင့် ကန်ကျောက်လိုက်သောအခါ....

'ဝုန်း'

ကျန်းဟို၏ လှံတိုသည် အဝေးသို့ လွင့်ထွက်သွားလေသည်။

ကျန်းဟို လက်နက်မဲ့ ဖြစ်သွားသည်မှာ တဒင်္ဂမျှသာ ဖြစ်လေသည်။

ချက်ချင်းပင် သူ၏လက်ထဲသို့ ဓားမြှောင်နှစ်လက်ရောက်ရှိလာလေသည်။

ထိုဓားမြှောင်နှစ်လက်ဖြင့် အဆက်မပြတ် ထိုးသွင်းလိုက်လေသည်။

ရှောင်စန်း မပေါ့ဆဝံ့တော့ပါ။



ဒါးမှ ငွေဓားကိုဆွဲထုတ်ကာ ပြန်လည်တိုက်ခိုက်လို
လေသည်။

ငွေဓားကို ဝှေ့ယမ်းလိုက်သည်နှင့် ငွေရောင်အဝ
တန်းများ ထွက်ပေါ်လာပြီး....

'ခြွမ်း... ခြွမ်း'

ကျန်းဟို၏လက်ထဲမှ ဓားမြှောင်နှစ်လက် အဝေ
လွင့်စဉ်သွားလေတော့သည်။

ကျန်းဟိုသည် နောက်ကျွမ်းပစ်ကာ ရှောင်ထွက်သွာ

'မပြေးနဲ့'

ရှောင်စန်းက အော်ငေါက်ရင်း လိုက်လံတိုက်ခိုက်
လေသည်။

ကျန်းဟိုသည် လှည်းဘီးပမာ ခန္ဓာကိုယ်ကိုလှည့်ပတ
ရှောင်ပြေးလေသည်။

ရှောင်စန်းကလည်း ကိုယ်ဖော့ပညာအသုံးပြုပြီး တရ
လိုက်လံတိုက်ခိုက်လေသည်။

ကျန်းဟိုက နောက်သို့ တစ်ဆုတ်တည်းဆုတ်သွားေ
ရုတ်တရက် ရပ်တန့်လိုက်ပြီး လက်ဝှေ့ယမ်းလိုက်၏။

'ဝုန်း....ဝုန်း....ဝုန်း'

ကျယ်လောင်သော ပေါက်ကွဲသံများ ထွက်ပေ
လေသည်။

အနီရောင်မီးခိုးလုံးများ ထွက်ပေါ်လာ၏။

ရှောင်စန်း ရင်ထိတ်သွားသည်။

ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

လေဝှေ့ယမ်းတိုက်ခတ်လာသောအခါ ထိုအနီရောင်မီးခိုးလုံးများ လွင့်ပါးပျောက်ကွယ်သွားလေသည်။

ဝန်းကျင်တစ်ခုလုံး ရှင်းရှင်းလင်းလင်း ဖြစ်သွားသည်။

ကျန်းဟိုကို ရှာမတွေ့သောအခါ....

ကျန်းဟိုသည် အနီရောင်မီးခိုးလုံးများကို အကာအကွယ်ယူကာ ရှောင်တိမ်းသွားပြီး ဖြစ်လေသည်။

ရှောင်စန်း ခံပြင်းသွားပြီး....

'မင်း ဒီလောက်တောင်ပဲ သတ္တိနည်းရသလား၊ ထွက်လာခဲ့ပါတော့လား'

ဟု အော်ပြောလိုက်လေသည်။

တောအုပ်အတွင်းဝယ် သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မရှေးမနှောင်းမှာပင်....

'ဝုန်း'



သူ၏ခြေထောက်အောက်ဘက်မှ မြေကြီးများမှာ လွင့်
သွားကာ ဓားတစ်လက်တိုးထွက်လာလေသည်။

မမျှော်လင့်သောဖြစ်ရပ်ကြောင့် ရှောင်စန်းရင်ထိတ်
ကပျာကယာ နောက်သို့ ဆုတ်သွားရလေသည်။

သို့သော်....

အလစ်အငိုက် တိုက်ခိုက်ခံလိုက်ရသည်ဖြစ်ရာ လုံးအော
မရှောင်နိုင်ဘဲ မြေကြီးထဲမှ တိုးထွက်လာသောဓားသ
သူ၏ဝဲဘက်ခြေထောက်ကို ခုတ်ချမိလိုက်လေသည်။

'အား'

ရှောင်စန်း လွှတ်ခနဲ အော်လိုက်လေသည်။

မမျှော်လင့်ဘဲ ခံလိုက်ရသည်ဖြစ်၍ ငွေဓားကို ဝှေ့ယ
ကာကွယ်လိုက်လေသည်။

ထိုစဉ်....

'ဝှီး'

သစ်ပင်တစ်ပင်ပေါ်မှ ကြိုးတစ်ချောင်း လျှောကျလ
လေသည်။

ရှောင်စန်း၏ ဓားကိုင်ထားသောလက်ကို ရစ်ပတ်မိသွ
သည်။

'သွားစမ်း'

ရှောင်စန်းက လက်ကောက်ဝတ်ကို လှည့်လိုက်ရာ လက်ထဲ ကိုင်ထားသောဓားသည် ကြိုးကိုဖြတ်တောက်ပြီးသား ဖြစ်သွားလေတော့သည်။

ရှောင်စန်းက နောက်သို့ ထပ်မံခုန်ဆုတ်လိုက်လေသည်။

သူ၏ခြေထောက်မှာ ဓားဒဏ်ရာကြောင့် သွေးများစီးကျနေ၏။

ရှောင်စန်း ဒေါသွသွားသည်။

'လက်စသတ်တော့ မင်းက နင်ဂျာပညာ တတ်မြောက်ထားတာကိုး၊ မင်းဟာ မင်းအသက်ငါ့ပေး ကျန်းဟိုပဲ ဖြစ်မယ်'

ဟု ပြောလိုက်လေသည်။

ထိုစဉ်....

'ဝှစ်....ဝှစ်....ဝှစ်....ဝှစ်'

လက်နက်ပုန်းကဲလေးများသည် ရှေ့တူရူမှ တစ်ရှိန်ထိုး ပစ်လွှင့်လာပြန်သည်။

ရှောင်စန်းက....

'ကျန်းဟို မင်းကို ငါ အမိုက်ဇာတ်သိမ်းပေးမယ်'

ဟုပြောကာ ဓားဝှေ့ယမ်းလိုက်၏။



သူက လက်နက်ပုန်းလေးများအား လာရာလမ်းအတိုင်း ပြန်လည်ပစ်လွှင့်သွားပြီး ကျန်းဟိုအား ပြန်လည်ထိမှန်စေရန် ကြံစည်လိုက်ခြင်း ဖြစ်သည်။

သို့သော်....

ယခုတစ်ကြိမ် ပစ်လွှင့်လာသော လက်နက်ပုန်းလေးများမှာ အလွန်ပင် ထူးခြား၍နေလေသည်။

ရွှေရောင်ဝင်းလက်နေသော အလုံးလေးနှစ်လုံးမျှသာ ဖြစ်သည်။

သို့သော်....

ထိုရွှေရောင်အလုံးကလေးနှစ်လုံးသည် အချင်းချင်း ပြန်လည်ထိတွေ့မိလိုက်ကြပြီး....

'ခြိမ်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ထက်ဝက်ကွဲသွားပြီး အခြမ်းပဲ့လေး လေးခုအဖြစ် ပြောင်းလဲသွားသည်။

ထိုအခြမ်းပဲ့လေးခုသည် အချင်းချင်း ပြန်လည်ထိတွေ့မိကာ ရှစ်ခုအခြမ်း ဖြစ်သွားပြန်သည်။

ထိုမှ ...

ရှစ်ခု၊ ဆယ့်ခြောက်ခု၊ သုံးဆယ့်နှစ်ခု စသည်စသည်ဖြင့် အချင်းချင်း အဆက်မပြတ်ထိတွေ့ကာ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားပြီး အလွန်သေးငယ်စူးရှသော အပိုင်းအစကလေးများအဖြစ် ရှောင်စန်းထံသို့ တိုးဝင်သွားလေသည်။

ရှောင်စန်း ထိတ်လန့်သွားသည်။

ယခုလိုအဖြစ်မျိုးနှင့် တစ်ကြိမ်တစ်ခါမှ မကြုံဘူးချေ။

ပျားအုပ်ကြီးသဖွယ် တိုးဝင်လာသော လက်နက်ပုန်းလေးများကိုကြည့်ရင်း အခြေအနေမဟန်မှန်း သဘောပေါက်လိုက်၏။

လက်နက်ပုန်း အပိုင်းအစလေးများမှာ များပြားလွန်းလှသည် ဖြစ်ရကား ဝန်းကျင်တစ်ခုလုံး မှောင်မည်းသွားသည်ဟုပင် ထင်ရလေတော့သည်။

ရှောင်စန်းသည် ယာဘက်သို့ ကပျာကယာ ရှောင်တိမ်းလိုက်လေသည်။

ထိုစဉ်....

'ဝုန်း....'

မြေကြီးများ ဖွာခနဲလွင့်စဉ်သွားပြီး လူတစ်ယောက်သည် သူ၏ရှေ့သို့ ရောက်ရှိလာလေသည်။

ကျန်းဟိုဖြစ်သည်။



သူ၏လက်ထဲ၌ ဓားတစ်လက်ကိုင်ထားသည်။

အလွန်ပါးလွှာသော ဓားတစ်လက် ဖြစ်သည်။

ဓားသွားမှာ ခရမ်းရောင်သမ်းနေ၏။

အလွန်ပြင်းထန်သော အဆိပ် သုတ်လိမ်းထားခြင်း ဖြစ်ကြောင်း ထင်ရှားနေပေတော့သည်။

ရှောင်စန်း ထိတ်လန့်သွားသည်။

'ယား....'

ဩသံပေးရင်း ငွေဓားကို ဝှေ့ယမ်း ကာကွယ်လိုက်လေသည်။

'ခွမ်း....ခွမ်း....ခွမ်း'

ဓားဓားချင်း ပြင်းထန်စွာ ထိတွေ့မိသော အသံများ ထွက်ပေါ်လာ၏။

ရှောင်စန်း၏ တိုက်ခိုက်မှုမှာ အရှိန်အဟုန် လျော့ကျသွားခြင်းမရှိဘဲ ကြောက်စရာကောင်းသော ရန်သူနှင့် တွေ့နေရခြင်းကြောင့် ပြင်းထန်၍နေပေတော့သည်။

'ရော့'

ရုတ်ဘရက် ကျန်းဟိုက ဝဲဘက်လက်ကို ဝှေ့ယမ်းလိုက်၏။

အနီရောင်အမှုန့်များသည် ရှောင်စန်း၏ မျက်နှာဆီသို့ တိုးဝင်လာလေသည်။

ရှောင်စန်း ကပျာကယာ ရှောင်တိမ်းလိုက်သော်လည်း အနည်းငယ်မျှကို ရှူရှိုက်မိလိုက်လေရာ....

'အဟွပ်....အဟွပ်'

ချောင်းတဟွပ်ဟွပ် ဆိုးလာသည်။

မျက်ရည်များ၊ နှာရည်များကျလာသဖြင့် အမြင်မကြည်လင်တော့ဘဲ ဝန်းကျင်တစ်ခုလုံး မှုန်ဝါးဝါးဖြစ်သွားလေတော့သည်။

ထို့အပြင်....

ခန္ဓာကိုယ်ထဲမှ ခွန်အားများလည်း ပျောက်ကွယ်သွားသည်ဟု ခံစားလိုက်ရလေသည်။

ရှောင်စန်းက ပို၍ ထိတ်လန့်သွားသည်။

မမျှော်လင့်ဘဲ အဆိပ်မိလိုက်ပြီ မဟုတ်ပါလား။

သူနောက်သို့ ဆုတ်လိုက်သော်လည်း မည်သို့မျှ မဟန်နိုင်တော့ဘဲ....



'ဝုန်း....'
မြေပေါ်လဲကျသွားလေတော့သည်။

* * *

ရှောင်စန်း မြေပေါ်လဲကျနေ၏။

သူ၏အသက်ရှူသံ ပြင်းထန်လှသည်။

ခြေထောက်တွင် ဒဏ်ရာရရှိထားပြီး အဆိပ်မိထားပြီဖြစ်သည်။

ခန္ဓာကိုယ်အနှံ့အပြား၌ လက်နက်ပုန်း အစအနကလေးများလည်း ထိမှန်ထားသေး၏။

ရှောင်စန်း ဘာမျှမတတ်နိုင်တော့ပါ။

ကျန်းဟိုကဲ အနီးသို့ရောက်လာသည်။

ရှောင်စန်းကိုငုံ့ကြည့်လိုက်၏။

ရှောင်စန်းက....

'မင်းက တကယ့်နာမည်ကျော်ပဲ'

ဟု ပြောလိုက်၏။

ကျန်းဟိုက....

'ကျေးဇူးပါပဲဗျာ၊ ဒါပေမယ့် ခင်ဗျားကိုချမ်းသာပေးလို့ မဖြစ်ဘူးဗျ'

ရှောင်စန်းက....

'ကျုပ်ကလဲ ချမ်းသာပေးပါလို့ မတောင်းပန်ချင်ပါဘူး မင်းကိုမသုတ်သင်နိုင်ရင် ကျုပ်သေဖို့ပဲရှိတာပေါ့'

ကျန်းဟိုက....

'ဟုတ်တယ်၊ ခင်ဗျားမသေရင် သေရမယ့်လူက ကျုပ်ပဲ၊ ဒါပေမယ့် အခု ကျုပ်မသေနိုင်တော့ဘူး'

ရှောင်စန်းက....

'ကျုပ်ကို ဘယ်သူက လုပ်ကြံခိုင်းတာလဲ'

'ကျုပ်မသိဘူး၊ သိရင်လဲ မပြောဘူး'

ကျန်းဟိုက ခပ်ပြတ်ပြတ်ပင် ပြောလိုက်လေသည်။

ရှောင်စန်းက....

'မင်းက ကောက်ကျစ်စဉ်းလဲတဲ့ နည်းတွေကိုသာ အသုံးမပြုဘူးဆိုရင် ကျုပ်ကို ဘယ်နည်းနဲ့မှ အနိုင်ရမှာမဟုတ်ဘူး'

ကျန်းဟိုက....



'ခင်ဗျားပြောတဲ့ ကောက်ကျစ်စဉ်းလဲတဲ့ နည်းလမ်းတွေက ကျုပ်အတွက် အသုံးဝင်တယ်လေ၊ ကဲ....ခင်ဗျား ပြောစရာ ကုန်ပြီလား'

ရှောင်စန်းက မဲ့ပြုံးပြုံးလိုက်သည်။

'ငါက မင်းကို ကောက်ကျစ်စဉ်းလဲတဲ့ ကြေးစားတစ်ယောက်ရဲ့လက်ချက်နဲ့ အသေမခံဘူး'

စကားဆုံးလျှင် အားယူ၍ လက်တစ်ဖက်ကို အပေါ်မြှောက်ကာ လက်ဝါးဖြင့်သူ၏ဦးခေါင်းကို ပြန်လည်ရိုက်ချလိုက်၏။

'ခွပ်'

အရိုးကျိုးသွားသော အသံ သဲ့သဲ့ထွက်ပေါ်လာလေသည်။

ကျန်းဟိုက အေးတိအေးစက်ပင် ကြည့်နေသည်။

ရှောင်စန်း သေဆုံးသွားပြီဖြစ်ကြောင်း သေချာတော့မှ ကျောခိုင်းကာ လှည့်ထွက်သွားလေတော့သည်။

* * *

## တစ်ပူပေါ် နှစ်ပူဆင့်

လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်လာသော အခါ ရော်ရွက်ကလေးများ ကြွေကျလာသည်။

တိတ်ဆိတ်ငြိမ်သက်နေသော သချိုင်းမြေးအတွင်းမှ တီးတိုး ငိုရှိုက်သံများ ထွက်ပေါ်လာသည်ကိုလည်း ကြားရမည် ဖြစ်လေသည်။

ဖြူဖွေးသော အုတ်ဂူ တစ်လုံး ရှေ့၌ အမျိုးသမီးတစ်ယောက် ကျုံ့ကျုံ့လေးထိုင်ကာ ငိုကြွေးနေ၏။

ထိုအမျိုးသမီးမှာ ချင်းယင်ဖြစ်ပါသည်။



သူမသည် သေးစကြာဓားပြအဖွဲ့၏ လက်ချက်ဖြင့် သေ ဆုံးသွားခဲ့ရသော ခင်ပွန်းသည် လုဝေးအတွက် ငြိမသ နိုင်အောင် ဖြစ်နေတော့သည်။

ယခု....

သူမသည် ရင်သွေးငယ်ကလေးကို မွေးဖွားပြီးခဲ့ပြီ ဖြ လေသည်။

သားယောကျ်ားလေး မွေးဖွားခဲ့ပြီး နှစ်နှစ်သားအရွ ပင် ရနေပြီဖြစ်သည်။

သူမက သားငယ်အား လုရိဟု နာမည်ပေးလိုက်သည

လုရိလေးသည် ချစ်စရာကောင်းလှပြီး အရွယ်နှင့်မလို အောင် သွက်လက်သူလည်း ဖြစ်လေသည်။

ဖတဆိုးလေးမို့ ချင်းယင်က အလိုလိုက်ထားခဲ့သည်။

ချင်းယင်၏ မိခင်အိုကြီးကလည်း အလွန်ပင် ချစ်မြတ် ပြီး လက်ပေါ်မှ ချသည်ဟူ၍ မရှိချေ။

ချင်းယင်သည် ခင်ပွန်းသည်မရှိတော့သည့် နောက်ပို အဝတ်အထည် ရက်လုပ်ခြင်းအလုပ်ဖြင့်ပင် အသက်မွေး လေသည်။

သူမ ရက်လုပ်သော အဝတ်အထည်များသည် နာမ ကျော်ကြားနေဆဲ။

သူမ၏ အလှအပများသည်လည်း သားသည်မိခင် ဖြစ်သည့်တိုင် လျော့ကျမသွားဘဲ လှပနေဆဲ....

ယနေ့....

လုဝေး ကွယ်လွန်သွားသည့် နှစ်နှစ်မြောက်နေ့ ဖြစ်လေသည်။

ထို့ကြောင့်လည်း ချင်းယင်သည် လုဝေး၏ အုတ်ဂူဆီသို့ လာရောက်ပြီး သန့်ရှင်းစင်ကြယ်အောင်ပြုလုပ်ရင်း အမွှေးတိုင်၊ ဖယောင်းတိုင်များထွန်းညှိကာ ကောင်းမှုကုသိုလ်များ ပြုလုပ်ပေးနေခြင်း ဖြစ်လေသည်။

သင်္ချိုင်းမြေအတွင်း၌ အေးချမ်းတိတ်ဆိတ်ကာ လူသူကင်းမဲ့နေသည်မို့ ချင်းယင် ကြေကွဲစိတ်များတားဆီးမရတော့ဘဲ ပွင့်အန်ထွက်လာကာ ငိုရှိုက်နေမိခြင်းလည်း ဖြစ်လေသည်။

အချိန်မည်မျှ ကြာသွားမှန်းမသိ။

'ချင်းယင်.... ချင်းယင်'

ခေါ်သံနှင့်အတူ ပြေးလွှားလာသောခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချင်းယင် ကပျာကယာ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ....



အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးခန့်ရှိသူ တစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

'ဟင်... ဘဘချောင်'

ချင်းယင် လွှတ်ခနဲ ခေါ်လိုက်၏။

ပြေးလာသူမှာ ချောင်ကျုံးဆိုသူဖြစ်ပြီး ချင်းယင်၏ အိမ်နီးပါးချင်းဖြစ်လေသည်။

ချင်းယင်းတို့မိသားစုံအား တတ်စွမ်းသရွေ့ အကူအညီ ပေးနေသူလည်း ဖြစ်ပေသည်။

ချင်းယင်က အမောတကော လိုက်လာသည်မှာ အရေးကြီးသောကိစ္စ တစ်စုံတစ်ရာကြောင့်ဖြစ်ကြောင်း ချင်းယင် ရိပ်မိလိုက်၏။

သူမသည် စိတ်ထဲပူပန်သွားပြီး....

'ဘစာချောင်....အလောတကြီးနဲ့ ဘာများ ဖြစ်လို့လဲရှင့်'

ဟု မေးလိုက်လေသည်။

ချောင်ကျုံးက....

'ချင်းယင်....နင့်အမေ မူးလဲသွားလို့'

'ရှင်'

'လာ မြန်မြန်လိုက်ခဲ့'

ချောင်ကျုံးသည် ချင်းယင်၏လက်ကိုဆွဲကာ ခေါ်သွားလေသည်။

ချင်းယင်လည်း အပြေးတစ်ပိုင်းလိုက်သွားလေသည်။

သူမ အိမ်ပြန်ရောက်သွားသောအခါ လူအများ ဝိုင်းအုံနေသည်ကို တွေ့ရလေသည်။

'မေမေ....မေမေ

ချင်းယင်က တကြော်ကြော်ခေါ်ရင်း လူအများကို တိုးဝှေ့ကာ အိမ်ထဲသို့ ပြေးဝင်လိုက်လေသည်။

အိမ်ထဲရောက်သွားသောအခါ ခုတင်ပေါ် တွင်လဲလျောင်းနေသော မိခင်ဖြစ်သူကို တွေ့လိုက်ရသေသည်။

သူမ၏ မိခင်ကား သေဆုံးနေပြီ ဖြစ်လေသည်။

'မေ့မေ'

ချင်းယင်သည် ပူဆွေးသောကပိစီးကာ မိခင်ကို တမ်းတရင်း သတိလစ်မေ့မြောသွားရှာလေတော့သည်။

* * *



'တူမကြီးရဲ့ ဆုံးဖြတ်ချက်ကို မပြောင်နိုင်တော့ဘူးလားကွ
ချောင်ကျုံးက စိတ်မကောင်းစွာဖြင့် မေးလေသည်။

ချင်းယင်က....

'ကျွန်မ သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်လိုက်တ
ပါ ဘဘချောင်၊ အစ်ကိုလုဝေးနဲ့မေမေ မရှိတော့တဲ့နော
ပိုင်း ဒီအိမ်မှာကော ဒီမြို့မှာပါ မနေချင်တော့ပါဘူး၊ ဒီ
ဆက်နေရင် ကျွန်မ ရူးသွားမှာ သေချာပါတယ်'

ချောင်ကျုံး သက်ပြင်းချလိုက်လေသည်။

အသုဘကိစ္စအဝဝ ပြီးဆုံးသွားပြီဖြစ်သည်။

ချင်းယင်တို့သားအမိ နှစ်ယောက်တည်းသာ ကျန်ဝေ
သည့် နောက်ပိုင်း ဘယ်အရာကိုကြည့်ကြည့် မိခင်နှင့်ခင်ပွ
သည်တို့ကို သတိရနေမိမည်သာဖြစ်သည်။

သားငယ်လုရီ၏ ဘဝရှေ့ရေး ရှိသေးသည်မို့ ဘဝ
ထူထောင်ရန် လိုအပ်ပေသည်။

ချင်းယင်သည် ကြေကွဲစရာများကို ကျောခိုင်းကာ အ
သို့ ထွက်သွားခြင်းက အကောင်းဆုံးဖြစ်ကြောင်း ချော
ကျုံး ကောင်းစွာ နားလည်ထားပေတော့သည်။

ချင်းယင်ကို ကရုဏာသက်စွာကြည့်ရင်း....

'ငါ့တူမကြီးက ဘယ်ကိုသွားမယ်လို့ ရည်ရွယ်ထားသလ

ဟု မေးလိုက်၏။

ချင်းယင်က....

'ကျွန်မ ခိုလုံရှမ်းမြို့ကို သွားမယ်လို့ စိတ်ကူးထားပါတယ်၊ အဲဒီမှာ ရက်ကန်းစင်တွေပေါတယ်၊ ကျွန်မတို့ သားအမိတစ်ဝမ်းတစ်ခါးအတွက် အလုပ်ရနိုင်မှာပါ'

ချောင်ကျုံးက....

'ခိုလုံရှမ်းမြို့ဆိုရင်တော့ ကျုပ်လဲ သဘောကျတယ်၊ အဲဒီမြို့က ပိုပြီးစည်ကားတယ်၊ လမ်းပန်းခရီးဆက်သွယ်ရေးလဲ ကောင်းတယ်၊ လုရီလေးဟာ လူသစ်စိတ်သစ် ပတ်ဝန်းကျင်အသစ်နဲ့ ကြီးပြင်းလာနိုင်တာပေါ့၊ ဒီမြို့မှာ ဆက်နေရင်တော့ လူတွေက အဖြစ်ဆိုးတဲ့အကြောင်း ပြောနေကြတာနဲ့ ကလေးရဲ့စိတ်ဓာတ် အလိုလိုသိမ်ငယ်သွားနိုင်တယ်'

ချင်းယင်က....

'ဟုတ်ပါတယ် ဦးလေးချောင်၊ ကျွန်မလဲ ဒါကိုတွေးမိလို့ ဒီမြို့ကထွက်သွားဖို့ ဆုံးဖြတ်လိုက်တာပါ'

ချောင်ကျုံးက....

'ကောင်းပါတယ်လေ၊ ငါ့တူမကြီးရဲ့ ရှေ့ဘဝခရီး သာယာဖြောင့်ဖြူးပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်ကွယ်'



အကယ်၍...

သူ၏ဆုတောင်းပြည့်ဝမည် မဟုတ်ကြောင်းသာ ချောင်ကျုံး သိနိုင်ခဲ့မည်ဆိုပါလျှင် ချင်းယင်တို့သားအမိသည် ကြေကွဲစရာနေရာဟောင်းကိုစွန့်ခွာကာ ခိုလုံးရှမ်းမြို့သို့ပြောင်း ရွှေ့သွားခဲ့ကြလေသည်။

* * *

ခိုလုံရှမ်းမြို့....

ခိုလုံရှမ်းမြို့သည် တယန်းမြို့ထက် သုံးဆခန့်ကြီးသော မြို့ကြီးတစ်မြို့ဖြစ်ပါသည်။

လမ်းပန်းခရီးဆက်သွယ်ရေးကောင်းပြီး စီးပွားရေးလုပ်ငန်း ပေါများသည်။

နေ့ကောညပါ ဝင်ထွက်သွားလာနေကြသူများဖြင့် စည်ကားနေသော မြို့ကြီးတစ်မြို့ ဖြစ်လေသည်။

ချင်းယင်တို့သားအမိသည် ခိုလုံရှမ်းမြို့သို့ ရောက်ရှိလာသောအခါ မြို့စွန်တွင် မြေကွက်ကလေးတစ်ကွက် ဝယ်ယူလိုက်ကြသည်။

အိမ်ကလေးတစ်လုံး ဆောက်လုပ်လိုက်သလို ချည်ငင်ဝိုင်းငင်ရာတွင် အသုံးပြုသည့် ပစ္စည်းအချို့ ဝယ်ယူလိုက်သည်။

ထို့နောက်....

သူမ၏မူလလုပ်ငန်းဖြစ်သော အဝတ်အထည် ရက်လုပ်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်ခဲ့လေသည်။

အမှန်တော့....

ချင်းယင်သည် အဝတ်အထည် ရက်လုပ်ခြင်း လုပ်ငန်းအပေါ်တွင် စိတ်နာနေပြီဖြစ်သည်။

ထိုလုပ်ငန်းကြောင့်သာလျှင် လုဝေးနှင့် ဆုံတွေ့ခဲ့ကြသည်မဟုတ်ပါလား။

ချင်းယင်က ချည်များဝယ်ယူကာ မိမိဘာသာ အထည်ရက်သည်။ အသင့်ရက်လုပ်ပြီးသား အထည်များကို မြို့သယ်ဈေး၌ သွားရောက်ရောင်းချလေသည်။



သို့ဖြင့်....

သူဌေးသား ယိယင်းနှင့် တွေ့ဆုံခဲ့ရလေသည်။

* * *

ယိမိသားစုအထည်ဆိုင်....

ယိမိသားစုအထည်ဆိုင်သည် ခိုလုံရှမ်းမြို့တွင် အကြီးဆုံးအထည်ဆိုင် ဖြစ်လေသည်။

ယိမိသားစုသည် ရှေးဘိုးစဉ်ဘောင်ဆက်ကပင် အထည်အလိပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလာခဲ့ကြသူများဖြစ်သည်။

သူဌေးသားယိ၏လက်ထက်တွင် အနယ်နယ်အရပ်ရပ်သို့ ဆက်သွယ်ကာ လုပ်ငန်းများ တိုးချဲ့ခဲ့သည့်အပြင် နယ်ခြားဒေသများနှင့် တိုင်းတစ်ပါးသို့ပင် ပို့ဆောင်ရောင်းချနိုင်ခဲ့သဖြင့် စီးပွားရေး, တစ်ဟုန်ထိုး တိုးတက်လာခဲ့လေသည်။

ယိလင်းသည် စီးပွားရေးလုပ်ငန်းများတွင် အာရုံစိုက်ထားပြီး အိမ်ထောင်ရေးကို ဂရုမစိုက်ခဲ့ကြချေ။

ထို့ကြောင့်....

အသက်လေးဆယ်သို့ နီးကပ်လာသည့်တိုင် အိမ်ထောင်မကျသေးဘဲ လူပျိုကြီးဖြစ်၍နေသည်။

သူ၏မိဘများက အိမ်ထောင်ချပေးလိုသည်။

ယိလင်း၏အရည်အချင်းကို သိကြသူများသဖြင့် သားမက်ဖမ်းလိုသူ ပေါများလှသည်။

ကျော်ကြားမှုနှင့် ချမ်းသာမှုကြောင့် ယိယင်းအားလိုချင်သော မိန်းကလေးများလည်း ဝိုင်းဝိုင်းလည်နေသည်။

ယိလင်းက အိမ်ထောင်ရေးကို လုံးဝစိတ်မပါသဖြင့် မိဘများ စိတ်မကောင်းဖြစ်ရလေသည်။

တစ်ဦးတည်းသောသားမို့ အိမ်ထောင်မပြုပါက မျိုးဆက်ပြတ်သွားမည်ကို စိုးရိမ်ကြသည်။

အချိန်ရတိုင်း အိမ်ထောင်ပြုရန် တိုက်တွန်းကြသည်။

ကြာသော်....



ယိယင်းသည် နားငြီးသည်ဟုဆိုကာ အထည်ဆိုင်၌ လုပ်ငန်းချဲ့ထွင်ရန် ခရီးထွက်၍လည်းကောင်း အိမ်မကပ်ဘဲ နေလေတော့သည်။

ခိုလုံရှမ်းမြို့သို့ ရောက်လာလေတိုင်း အထည်ဆိုင်၌သာ အနေများသဖြင့် ချင်းယင်နှင့်တွေ့ဆုံခဲ့ရခြင်း ဖြစ်ပေတော့သည်။

* * *

## ထူးဆန်းသောမေတ္တာ

ယာနေ့....

ယာနေ့သည် ရာသီဥတုကြည်လင်သာယာသော နေ့တစ်နေ့ဖြစ်လေသည်။

ယိလင်းသည်လည်း စိတ်ထဲ ကြည်ကြည်လင်လင် ဖြစ်နေသည်။

ယာနေ့အဖို့ သူ၏မိခင်သည် အိမ်ထောင်ပြုဖို့အကြောင်းကို တစ်ခွန်းတစ်ပါဒမျှ မဟာခြင်းကြောင့် ဖြစ်လေသည်။

ယိလင်း နယ်ခြားသို့ ခရီးထွက်ခဲ့ရာမှ အိမ်သို့ပြန်ရောက်လာသောနေ့လည်း ဖြစ်သည်။



ယခုတစ်ခေါက် မူလစီစဉ်ထားသည်ထက် ပိုပြီးခရီးဆန့်မိသဖြင့် သုံးလခန့်အချိန်ကြာသွားလေသည်။

အိမ်ပြန်ရောက်သည်နှင့် စားသောက်အနားယူပြီး မြို့လယ်ဈေးရှိ အထည်ဆိုင်သို့ ထွက်လာခဲ့လေသည်။

ယိမိသားစု အထည်ဆိုင်သည် ဈေးနှင့်မျက်နှာချင်းဆိုင်လမ်းမကြီးပေါ်၌ တည်ရှိလေသည်။

ကြီးမားသော အဆောက်အအုံ တစ်ခုကို ပြုပြင်ပြီး အထည်ဆိုင်ဖွင့်ထားခြင်း ဖြစ်သည်။

အထည်ဆိုင်ဖွင့်ချိန်မှစပြီး ဆိုင်ပိတ်ချိန်ထိလာရောက်ဝယ်ယူသူမစဲအောင် စည်ကားလျက် ရှိတတ်သည်။

ယိလင်းရောက်သွားသောအခါ ဆိုင်တာဝန်ခံချိုကျန်းက ခရီးဦးကြိုပြုလေသည်။

'သခင်လေး ပြန်ရောက်လာတယ်ဆိုတဲ့ သတင်းကိုကြားမိပါတယ်၊ ဆိုင်မှာအလုပ်များနေတာကြောင့် လာမကြိုဖြစ်ခဲ့ဘူး'

ဟု တောင်းပန်လေသည်။

ယိလင်းက ရယ်မောလိုက်သည်။

'ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော်က သွားချင်ရာသွား လာချင်ရာလာ မနေတာဆိုတော့ ဦးလေးအတွက်အနေခက်အယှက်

တောင် ဖြစ်နေပါဦးမယ်၊ ဒါထက် ဆိုင်အခြေအနေကော ဘယ်လိုရှိသလဲ'

ချိုကျန်းက....

'ကောင်းပါတယ်သခင်လေး၊ ခုတစ်လော အဆင်ဆန်း တွေကို တင်နိုင်တာကြောင့် ခါတိုင်းထက်တောင် ပိုပြီး အရောင်းသွက်ပါသေးတယ်'

ယိလင်းက....

'ကောင်းတယ်....ကောင်းတယ်၊ အဆင်ဆန်းတွေ လူကြိုက် များတဲ့ အဝတ်အထည်တွေကို ဦးစားပေး ဆိုင်ပေါ်တင်ပြီး ရောင်းချရမှာပဲ မဟုတ်လား'

ချိုကျန်းက....

'သခင်လေးကို ပြစရာရှိသေးတယ်'

'ဘာများလဲ ဦးလေး'

'ကျုပ်နဲ့လိုက်ခဲ့ပါ သခင်လေး'

'ကောင်းပြီလေ'

ယိလင်းသည် ချိုကျန်းနှင့်အတူ ဆိုင်ထဲသို့လိုက်ပါသွား လေသည်။

ချိုကျန်းသည် သီးသန့်အခန်းတစ်ခုသို့ ခေါ်ဆောင်သွား ခြင်း ဖြစ်လေသည်။



အခန်းတွင်းသို့ရောက်လျှင် သေတ္တာတစ်လုံးကို ဖွင့်လိုက် ပြီး....

'ဟောဒီမှာ ကြည့်ပါဦး သခင်လေး'

ဟု ခပြာလေသည်။

ယိလင်းက လှမ်းကြည့်လိုက်သည်။

သေတ္တာထဲ၌ ရက်လုပ်ပြီးသား အဝတ်အထည် ဆယ်ထည် ခန့် ရှိနေသည်ကို တွေ့ရလေသည်။

'အထည်တွေပဲ၊ ဘာဖြစ်လို့လဲ'

ယိလင်းက မေးလိုက်လေသည်။

ချိုကျန်းက ...

'ကြည့်ပါဦးသခင်လေး'

ဟု ပြောလိုက်သည်။

ယိလင်းက အဝတ်အထည်ကို ထုတ်ကြည့်လိုက်၏။

ထိုအခါ....

ရက်လုပ်ထားပုံမှာ အလွန်အဆင့်မြင့်ပြီး လက်ရာကောင်း နေလှသည်ကို တွေ့ရလေသည်။

ယိလင်း စိတ်ဝင်စားသွားလေသည်။

'အဆင်အသွေးကလည်း ကောင်းတယ်၊ လက်ရာကလဲ ကောင်းတယ်၊ ဒါ ထိပ်တန်းအဆင့်အတန်းပဲ၊ ဦးလေးချို ဘယ်ကရလာတာလဲ၊ ကျုပ်တို့ဆိုင်မှာ တင်ရောင်းမလို့လား၊ ရောင်းဈေးတော့ အတော်မြင့်မယ်ထင်တယ်'

ချိုကျန်းက ရယ်မောလိုက်လေသည်။

'သခင်လေး... တစ်ထည်ကို ဘယ်လောက်ဈေးရှိမယ် ထင်သလဲ'

ယိလင်း မျက်မှောင်ကုတ်သွားသည်။

'ဦးလေးချိုက ကျွန်တော့်ကို ပဟေဠိဝှက်နေတာကိုး၊ အင်း....ကျွန်တော်ဆုံးဖြတ်ရမယ်ဆိုရင် တစ်ထည်ကို အနည်းဆုံး ငွေတစ်ဆောင်တန်မယ်၊ နေပြည်တော်ကို ရောက်သွားပြီး လူကုံထံ အသိုင်းအဝိုင်းထဲမှာဆိုရင် သုံးလေးထောင်လောက် ဈေးတက်သွားမှာပဲ'

ဟု ဘန်ဖိုးဖြတ်လိုက်လေသည်။

ချိုကျန်းက....

'ကျုပ်က တစ်ထည်ကို ငွေငါးဆယ်ပဲ ပေးရတယ်ဆိုရင် သခင်လေးယုံမလား'

ဟင်'

ယိလင်း အံ့ဩသွားလေသည်။



'ငါး ဆယ် ဟုတ်လား'

'ဟုတ်တယ်'

'ဟာ....မဖြစ်နိုင်တာ'

'တကယ်ပြောတာပါ သခင်လေး'

ယိလင်းက....

'ဒီတစ်ခေါက် ကျွန်တော် အိမ်ပြန်ရောက်လာတာ အံ့ဩစရာတွေနဲ့ချည်းကြုံတွေ့နေရတယ်၊ မေမေတို့ကလဲ အိမ်ထောင်ပြုဖို့ အကြောင်း မပြောကြဘူး၊ ခါတိုင်းဆိုရင် ကျွန်တော့်အတွက် ဘယ်သူ့သမီးကို သဘောကျတယ်၊ ဘယ်မြို့က မိန်းကလေးကို ရွေးထားတယ်၊ ဘယ်အောင်သွယ်တော်က လာပြီး အောင်သွယ်နေတာနဲ့ နားကို ငြီးကော၊ နှ တစ်ခေါက်ပြန်ရောက်လာတော့ ဒါတွေပြောသံ မကြားရဘူး'

ချိုကျန်းကဲ ရယ်မောလိုက်သည်။

'ဒါတော့ သခင်လေး နားငြီးတာနဲ့ အိမ်ပြန်မလာဘဲနေတာကိုး၊ ခရီးထွက်သွားတာ ခြောက်လလောက် ကြာတော့ ဘာများဖြစ်နေသလဲ၊ နေမှကောင်းရဲ့လား၊ အခက်အခဲဒုက္ခများ ကြုံတွေ့နေရသလားဆိုပြီး စိုးရိမ်ပူပန်နေလို့ ပြောမဆုံးအောင်ဖြစ်နေကြတာ၊ သခင်လေးက နားသက်သာပေမယ့် ကျုပ်တို့ဖြင့် နားငြီးကော'

ယိလင်းက ရယ်မေးလိုက်လေသည်။

'ဟော....ကျွန်တော်က အိမ်မှာနားပြီးသက်သာလို့ စိတ်ချမ်းချမ်းသာသာနဲ့ ဆိုင်ကိုထွက်လာပါတယ်၊ ဦးလေးချိုက အံ့သြစရာကောင်းအောင် လုပ်လိုက်ပြန်ရော'

ချိုကျန်းက....

'ကျုပ်က အံ့သြစရာ ဖြစ်အောင် လုပ်တာမဟုတ်ပါဘူး တကယ်ပြောနေတာပါ သခင်လေး'

'တကယ်ပြောတာ ဟုတ်ရဲ့လားဗျာ'

'ဟုတ်ပါတယ် သခင်လေး'

ယီလင်းက....

'ကျွန်တော်တို့ရဲ့ရက်ကန်းစင်တွေကထွက်တဲ့အဝတ်အထည်တွေများလားဗျ'

ဟု မေးလိုက်သည်။

ချိုကျန်းက....

'မဟုတ်ဘူး သခင်လေး'

ယီလင်းက....

'ကျွန်တော် ဘယ်လိုမှနားမလည်တော့ဘူး၊ ဦးလေးချိုရှင်းပြမှပဲဖြစ်တော့မယ်'

ချိုကျန်းက....



'ဒီလိုပါ သခင်လေး၊ လွန်ခဲ့တဲ့သုံးလလောက်က အမျိုးသမီးတစ်ယောက်ဟာ ကျုပ်တို့ဆိုင်ကိုလာပြီး သူရက်လုပ်ထားတဲ့ အထည်အချို့ ရောင်းချင်တယ်လို့ လာစပ်ပါတယ်၊ ကျုပ်တို့က နိုင်ငံနဲ့အဝှမ်းဆက်သွယ်ပြီး အထည်အလိပ်လုပ်ငန်းကို အကြီးအကျယ် လုပ်နေတာမို့ အဲဒီ အမျိုးသမီးလာစပ်တဲ့အဝတ်ကို ကျုပ်က ကြည့်တောင်မကြည့်ဘဲ ငြင်းလိုက်ပါတယ်'

ယီလင်းက....

'မှန်ပါတယ် ဦးလေးချို၊ အသေးအဖွဲ့ ကိစ္စတွေကအစ ဂရုစိုက်နေမယ်ဆိုရင် ကျွန်တော့်အလုပ်တွေကို ဘယ်လုပ်နိုင်ပါတော့မလဲဗျာ'

ချိုကျန်းက....

'ကျုပ်က အသေးအဖွဲ့လေးမို့ ဂရုမစိုက်မိတာနဲ့ အမှားကြီး မှားတော့မလို့'

ယီလင်းက....

'ဘယ်လိုမျှားဖြစ်တာလဲ၊ ပြောပါဦး'

ဟု မေးလိုက်လေသည်။

ချိုကျန်းက....

'အဲဒီ အမျိုးသမီးဟာ ကျုပ်တို့ဆိုင်မှာ ဖောက်သည် သွင်းလို့မရတာနဲ့ ဈေးရှေ့မှာ သူ့ရဲ့အထည်ငါးထည်ကို ချ ခင်းပြီး ရောင်းတယ်လေ၊ ကျုပ်က မောင်းထုတ်ပစ်မယ်လို့ စိတ်ကူးပြီး သူ့ဆီကိုသွားလိုက်တာ သူ့ရဲ့ အထည်တွေကို တွေ့လိုက်ရတာနဲ့၊ မောင်းထုတ်ဖို့မပြောနဲ့ သူ့ကို ကောင်း ကောင်းမွန်မွန် မဆက်ဆံမိခဲ့တာကိုပဲ နောင်တရလို့ မဆုံး အောင် ဖြစ်ခဲ့ရတယ်'

ယိုလင်း စိတ်ဝင်စားသွားလေသည်။

'ဘာဖြစ်လို့လဲ ဦးလေးချို'

ချိကျန်းက....

'အခု သခင်လေးတွေ့ရတဲ့ အဝတ်အထည်တွေဟာ အဲဒီ အမျိုးသမီးဆီက တစ်ထည်ကို ငွေငါးဆယ်နဲ့ ဝယ်ထားလိုက် တဲ့ အထည်တွေပေါ့'

ယိုလင်း ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

'ဦးလေးချို မဟုတ်ဘဲ တခြားလူတစ်ယောက်က ပြော တယ်ဆိုရင် ကျုပ် ယုံမှာမဟုတ်ဘူး၊ ဒါထက် အဲဒီအမျိုး သမီးဟာ လူကောင်းတစ်ယောက်ကော ဟုတ်ရဲ့လားဗျာ'

ချိကျန်းက....

'ဘာဖြစ်လို့လဲ သခင်လေး'

ယိုလင်းက....



'တစ်ခနရာရာကများ ခိုးဝှက်လာတာများ ဖြစ်နေမလား လို့ပါ'

ချိကျန်းက....

'သူကတော့ ကိုယ်တိုင်ရက်လုပ်တာလို့ ပြောတာပါပဲ ကျုပ်လဲ ဝယ်ထားပြီးမှ သခင်လေးပြောသလို စိတ်ထဲ မသက်သာနဲ့ ထုတ်မရောင်းဘဲ သိမ်းထားလိုက်တာပါ သတင်းစုံစမ်းကြည့်တော့ ဘယ်ရက်ကန်းစင်ကမှ ဒီလိုအထည် ဆန်းမျိုး ရက်လုပ်တာမရှိဘူးလို့ သိရတယ်၊ ဒါ့အပြင် စိတ် ဝင်စားစရာကောင်းတဲ့ သတင်းတစ်ခု ရှိပါသေးတယ် သခင် လေး'

ယိုလင်း ခေါင်းညိတ်လိုက်သည်။

'ပြောပါဦးဗျာ'

ချိကျန်းက....

'အမျိုးသမီးတစ်ယောက်ဟာ ရက်ကန်းရက်တဲ့ ပစ္စည်း တွေကို လာပြီး ဝယ်သွားတယ်လို့ သိရတယ် သခင်လေး'

ယိုလင်းက....

'ကျုပ်တို့မြို့ကပဲလား'

'ဒါတော့ မသိရသေးပါဘူး'

'နေပါဦး၊ အထည်တွေလာရောင်းသွားတဲ့အမျိုးသမီးက အထည်ရက်လုပ်ဖို့ လိုအပ်တဲ့ပစ္စည်းတွေကို လာဝယ်သွားတာ များလား'

'ဖြစ်နိုင်ပါတယ် သခင်လေး'

'ဒါဆို သူ လာရောင်းတာဟာ သူကိုယ်တိုင် ရက်လုပ်ထား တာပဲ ဖြစ်မှာပေါ့'

'ဖြစ်နိုင်ပါတယ် သခင်လေး'

ယိလင်း စိတ်ဝင်စားသွားလေသည်။

'သူက ဘယ်သူလဲ'

ဟု မေးလိုက်သည်။

ချိကျန်းက....

'ကျုပ်လဲ မသိရသေးပါဘူး သခင်လေး'

ယိုလင်းက....

'စုံစမ်းမကြည့်ဘူးလား'

'စုံစမ်းခိုင်းထားပါတယ်'

'ကောင်းပြီ၊ သူ့အကြောင်း သတင်းရရင် ကျုပ်ကို ချက်ချင်း အသိပေးပါ'

'ဟုတ်ကဲ့....သခင်လေး'



ယိလင်းသည် သေတ္တာထဲမှ အဝတ်အထည်များကို ကြ
လိုက်ပြီး....

'ဒီပစ္စည်းတွေ ဘယ်သူ့ကိုမှမရောင်းနဲ့၊ ကျုပ်ယူသွာ
ပြီး စစ်ဆေးကြည့်ဦးမယ်'

'ကောင်းပါပြီ သခင်လေး'

ယိလင်းသည် သူ၏အထည်ဆိုင်ကို စစ်ဆေးကြည့်ရှုပြ
နောက် ပြန်လည် ထွက်ခွာသွားလေသည်။

ချိကျန်းက အထည်အဆန်းများထည့်ထားသည့်သေတ္တာ
ကို ဆိုင်အလုပ်သမား တစ်ယောက်အား ယိလင်းထံသို့ ပို
ဆောင်ပေးခိုင်းလိုက်လေတော့သည်။

*　　*　　*

ယိလင်းသည် သူ၏အခန်းတွင်း၌ အနားယူနေသည်။

သူ၏ ခုတင်ခြေရင်း၌ ချိကျန်း ပို့ပေးလိုက်သော သေတ္တာလေးရှိနေသည်။

ယိလင်းသည် သေတ္တာကလေးကိုဖွင့်ကာ တစ်ထည်ချင်း စစ်ဆေးကြည့်ရှုလိုက်လေသည်။

အထည်များကား အဆင်ဆန်းပြားပြီး မြင်ရသူတိုင်း လိုချင်မက်မောသိစိတ်များ ဖြစ်ပေါ်လာနိုင်လောက်ပေသည်။

'ငါတို့ဟာ မျိုးရိုးစဉ်ဆက် အထည်အလိပ် ရောင်းချလာခဲ့တာပါ၊ ငါတစ်သက်တာမှာ ဒီလောက်လှပတဲ့အထည်မျိုး မတွေ့ဖူးဘူး၊ ရက်လုပ်တဲ့လူဟာ ပါရမီရှင်တစ်ယောက်ပဲ'

ယိလင်းက ချီးကျူးလိုက်လေသည်။

ထိုအထည်များသည် ဈေးကောင်းရနိုင်သည့်အပြင် ယိမိသားစု အထည်အလိပ်ဆိုင်ကိုလည်း နာမည်ကျော်ကြားသွားစေနိုင်သည်။ ဂုဏ်သိက္ခာ ပိုတက်လာစေနိုင်ပေသည်။

ယိလင်းသည် အထည်များကို ချိတ်ဖြင့်ချိတ်တွယ်ကာ ယှဉ်ကြည့်လိုက်လေသည်။

ဘယ်လိုပင်ကြည့်ကြည့် မရိုးနိုင်သော အဆင်ဆန်းများ ဖြစ်နေပါတော့သည်။



အထည်တိုင်းလိုလိုသည် ကြိုက်ချင်စရာများချည်း ဖြစ်နေသည်။

ယိလင်း သက်ပြင်းချလိုက်သည်။

'ဘယ်လိုလူစားမျိုးက ဒီလိုအထည်မျိုးကို ရက်လုပ်နိုင်ပါလိမ့်'

သူ၏စိတ်ထဲ၌ အထည်ရက်လုပ်သည့် အမျိုးသမီးအား တွေ့လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ထို့နောက်....

ခုတင်ပေါ် လှဲလျောင်းအနားယူလိုက်သည်။

အထည်များကို လှဲလျောင်းရင်း ငေးကြည့်နေမိသည်။

အထည်များသည် ဆွဲဆောင်မှုအပြည့်ရှိနေ၏။

ယိလင်း၏စိတ်အာရုံသည် အထည်များ၏အဆင်ဆန်းတွင် နစ်မြုပ်သွားလေသည်။

ဤတွင်....

ထိုအဆင်ဆန်းများသည် ဝမ်းနည်းကြေကွဲခြင်း၊ ဆွေးမြည့်ခြင်းနှင့် ပရိဒေဝမီးတောက်လောင်ခြင်း စသည့် ခံစားချက်များ ဖြစ်ပေါ်ခံစားလာရလေသည်။

အထည်အဆင်များသည် လူတစ်ယောက်၏စိတ်ကို ကောင်းစွာ ညှို့ယူဖမ်းစားနိုင်သည်ဟု ခံစားလိုက်ရ၏။

ယိလင်း၏ရင်ထဲ အထည်ရက်လုပ်သည့် အမျိုးသမီးအားတွေ့လိုမြင်လိုစိတ်များ ပို၍ပြင်းပြလာလေတော့သည်။

* * *

## တိုက်တိုက်ဆိုင်ဆိုင်

ဆယ်ရက်....

ယိလင်းသည် အိမ်ပြန်ရောက်လာသည်မှာ ဆယ်ရက်ရှိသွားပြီ ဖြစ်လေသည်။

ထိုဆယ်ရက်အတွင်း အေးအေးချမ်းချမ်း နေခဲ့ရလေသည်။

သို့သော်....

ဆယ်ရက်မြောက်သောနေ့တွင် မိခင်ဖြစ်သူက စကားစလာပြန်လေတော့သည်။

'သားကို မေမေ ပြောစရာရှိလို့'

ယိုလင်းက....

'ဟုတ်ကဲ့၊ ပြောပါမေမေ'

မိခင်ဖြစ်သူက....

'သား....သားရဲ့အသက်လဲ မငယ်တော့ဘူး၊ ခုထိ အိမ်ထောင်ပြုဖို့ စိတ်မကူးသေးဘူးလား၊ မေမေတို့ မြေးချီချင်လှပြီ သားရယ်'

'ဟာ....မေမေကလဲ'

ယိုလင်း စိတ်ပျက်သွားလေသည်။

သူ၏မိခင်သည် ထိုစကားဟောင်းကြီးကိုပင် ထပ်ပြောလာပြန်ပြီ မဟုတ်ပါလား။

အေးချမ်းစွာ နေထိုင်ခဲ့ရသော ဆယ်ရက်ဆိုသော အချိန်ကလေးကို နှမြောမိလေသည်။

မိခင်ဖြစ်သူက....

'သား....မေမေတို့မှာ ပစ္စည်းဥစ္စာလည်း ပြည့်စုံကြွယ်ဝတယ်၊ ကုန်ကုန်ပြောရရင် ဘာမှ လိုလေးသေးမရှိတဲ့ဘဝကို ပိုင်ဆိုင်ထားကြရတာပဲ၊ အမေတို့မှာ တကယ်တမ်း လိုအပ်နေတာက ယိုမျိုးဆက်ကို ဆက်ပြီး အမွေခံမယ့်လူပဲ၊ သားက အိမ်ထောင်မပြုဘဲ နေလိုက်မယ်ဆိုရင် မေမေတို့ မျိုးဆက်



ပြတ်သွားလိမ့်မယ်၊ ဒီလိုဆိုရင် ဘယ်လောက်များ ဝမ်းနည်းစရာ ကောင်းလိုက်မလဲ'

ယိုလင်းက....

'ကျွန်တော် သဘောပေါက်ပါတယ်မေမေ၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သေးသလဲ၊ ပြောပါဦး'

'ကျွန်တော် လွတ်လွတ်လပ်လပ် နေချင်သေးလို့ပါမေမေ'

မိခင်ဖြစ်သူ သက်ပြင်းချလိုက်လေသည်။

'သားရယ်၊ သားရဲ့အသက်က ငယ်တော့တာမှမဟုတ်တဲ၊ ခုတောင် လေးဆယ်နီးပါး ရှိနေပြီမဟုတ်လား၊ ပြီးတော့ မေမေတို့လဲ အသက်ကြီးလှပြီ၊ ဘယ်အချိန် သေရမယ်ဆိုတာ မပြောနိုင်ဘူး၊ မေမေတို့ ခေါင်းချမသွားခင် စိတ်အေးသွားချင်တယ်ကွယ်'

ယိုလင်းက....

'ဟုတ်ကဲ့၊ ကျွန်တော် စဉ်းစားပါ့မယ်မေမေ'

ဟု ပြောလိုက်လေသည်။

မိခင်ဖြစ်သူက....

'သား ဒီတစ်ခါတော့ မေမေပြတ်ပြတ်သားသားပဲ ပြောတော့မယ်'

ထိုစကားကြောင့် ယိလင်း ရင်ထိတ်သွားပြီး မိခင်ဖြစ်သူကို မော့ကြည့်လိုက်မိလေသည်။

မိခင်၏စိတ်သဘောထားကို သူကောင်းစွာ သိရှိထားပါ၏။

သူ့အပေါ် အလွန်ချစ်မြတ်နိုးပြီး အလိုလိုက်ခဲ့သူ ဖြစ်သည်။

သို့သော်....

သူမ၏စိတ်ဓာတ်သည် သံမဏိပမာ မာကျောပြီး ပြတ်သားသူတစ်ယောက်လည်း ဖြစ်လေသည်။

ဖခင်ဖြစ်သူမှာ သဘောထားပျော့ပျောင်းပြီး မိခင်၏ဩဇာကို မလွန်ဆန်နိုင်ပေ။

တစ်အိမ်လုံးတွင် မိခင်ဖြစ်သူက အရေးအပါဆုံးဖြစ်နေ၏။

ယိလင်း၏မိခင်က....

'မေမေက သားကို တစ်နှစ် အချိန်ပေးလိုက်ပေမယ့် သားက ကိုယ့်စိတ်ကြိုက်မိန်းကလေးကိုရှာဖွေမှာပါ၊ တစ်နှစ်ပြည့်လို့မှ သားစိတ်ကြိုက်မတွေ့ဘူးဆိုရင် မေမေတို့သဘောကျတဲ့ မိန်းကလေးနဲ့လက်ထပ်ပေးရလိမ့်မယ်'

'ဗျာ'



ပြင်းထန်ပြတ်သားသော စကားကို ကြားလိုက်ရသောအခါ ယိလင်း ထိတ်လန့်သွားလေသည်၊

သူ၏အိမ်ထောင်ရေးကို အတင်းအကျပ် စီစဉ်တော့မည် ဖြစ်လေသည်။

ယိလင်းက....

'မေမေရယ်...သားက အရောင်းအဝယ်လုပ်ငန်းကို...'

သူ၏စကားမဆုံးမီ မိခင်ဖြစ်သူက ကြားဖြတ်ပြောလိုက်လေသည်။

'မလိုချင်ဘူး၊ လုပ်ငန်းကို အကြောင်းပြပြီး အချိန်ဆွဲထားတာမျိုးကို မေမေက လက်မခံနိုင်တော့ဘူး'

ယိလင်းက ခေါင်းငုံ့ထားလိုက်လေသည်။

မိခင်ဖြစ်သူက....

'မေမေ ရှင်းရှင်းပဲပြောလိုက်မယ်၊ ပုရန်းမြို့က ရွှေနဂါးဂိုဏ်းချုပ်ရဲ့သမီး ဆွေရှမ်းနဲ့ သားကိုလက်ထပ်ပေးဖို့ မေမေတို့ စိတ်ကူးထားတယ်၊ တကယ်လို့ တစ်နှစ်အတွင်း သားစိတ်ကြိုက် မိန်းကလေးကို မတွေ့ဘူးဆိုရင် ဆွေရှမ်းနဲ့သားကို အိမ်ထောင်ချပေးရမှာပဲ'

ယိလင်းက....

'ဟာ....ကျွန်တော် ခုမှသတိရတယ်'

အလန့်တကြား ထပြောလိုက်လေသည်။

မိခင်ဖြစ်သူ မျက်မှောင်ကုတ်သွားကာ....

'ဘာဖြစ်လို့လဲ'

ဟု မေးလေသည်။

ယိလင်းက....

'ကျွန်တော် အထည်အဆင်ဆန်းတချို့ ရထားလို့မေမေ'

'အဆင်ဆန်း'

'ဟုတ်တယ် မေမေ'

ယိလင်းသည် သူ၏အခန်းထဲမှ အထည်အဆင်ဆန်းများကို သွားပြေးယူပြီး မိခင်ဖြစ်သူကို ပြလိုက်လေသည်။

မိခင်ဖြစ်သူ မျက်မှောင်ကုတ်သွားလေသည်။

'ဒီအထည်တွေက ဘယ်ကလဲ၊ နယ်ခြားက သားယူလာတာများလား'

ဟု မေးလေသည်။

ယိလင်းက ခေါင်းခါယမ်းလိုက်လေသည်။

'မဟုတ်ဘူး မေမေ'

'ဒါဖြင့် ဘယ်ကရလာတာလဲ'



'ဒီမြို့ထဲကပါမေမေ'

'ဘာ....ဘယ်လို ဒီမြို့ထဲက ဟုတ်လား'

'ဟုတ်ပါတယ် မေမေ'

မိခင်ဖြစ်သူက....

'ပြောပြပါဦး၊ ဘယ်သူက ရက်လုပ်တာလဲ'

'ရက်လုပ်တဲ့လူကို ကျွန်တော်ရှာနေတုန်းပါ'

'အင်း....ဒီလိုအထည်ရက်လုပ်နိုင်တဲ့ လူတစ်ယောက်ရှိနေတာကို မေမေတောင်မသိခဲ့ဘူး၊ ငါ့သားက ရအောင်ရှာနိုင်တယ်ဆိုတော့ သိပ်တော်တဲ့သားပဲ၊ ကောင်းပြီ၊ သူ့ကိုရှာလို့တွေ့ရင် မေမေ့ချွေးမအတွက် အလှဆုံးတစ်ဆင်စာရက်လုပ်ပေးဖို့ မှာလိုက်ပါ'

ယိလင်း သက်ပြင်းချလိုက်သည်။

'ကျွန်တော် ဆိုင်ကိုသွားဦးမယ် မေမေ'

ဟု ပြောကာ မိခင်ရှေ့မှ ကတိုက်ကရိုက် ထွက်လာခဲ့လေတော့သည်။

မိခင်ဖြစ်သူသည် ယိလင်း၏ ကျောပြင်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

* * *

ယိလင်းသည် အထည်ဆိုင်သို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

ဆိုင်အလုပ်သမားများက ခရီးဦးကြိုပြုကာ အရိုအသေပေးကြလေသည်။

ယိလင်းသည် ဆိုင်တာဝန်ခံ ချိုကျန်းကို ရှာဖွေလိုက်၏။

ထိုအခါ....

ချိုကျန်းသည် အဘွားအိုတစ်ယောက်နှင့် စကားပြောဆိုနေသည်ကို တွေ့လိုက်ရလေသည်။

ယိလင်းက....

'ဦးလေးချို'

ဟု ခေါ်လိုက်သည်။

ထိုအခါမှ ချိုကျန်းသည် ယိလင်းကိုတွေ့မြင်သွားပြီး....

'ဩော်....သခင်လေး'

ချက်ချင်းပင် ယိလင်းထံသို့ပြေးလာကာ ဦးညွှတ်လိုက်၏။

ယိလင်းက....

'ဘာများ အကြောင်းထူးသေးသလဲ'

ဟု မေးလိုက်လေသည်။



ချိုကျန်းက....

'ထူးတယ်၊ သခင်လေးရောက်လာတာနဲ့ အတော်ပဲ'

ဟု ဝမ်းသာအားရ ပြောသည်။

ယိလင်းက....

'ပြောပါဦး၊ ဘာများထူးလို့လဲ'

ချိုကျန်းက....

'အထည်ဆန်းတွေ ရောက်လာပြန်ပြီ'

'ဟင်'

ယိလင်း စိတ်လှုပ်ရှားသွားလေသည်။

ဟိုဟိုသည်သည် ကြည့်လိုက်လေသည်။

ချိုကျန်းက....

'ဟိုကအဘွားကြီးကို တွေ့ဘယ် မဟုတ်လား'

ယိလင်းက....

'အင်း....တွေ့တယ်'

'သူလာရောင်းတာပေါ့'

'ဩော်....သူကအထည်ရက်တဲ့လူလား'

'မဟုတ်ဘူး သခင်လေး'

‘ဒါဖြင့် ဦးလေးချို တစ်ခါကပြောတဲ့ အမျိုးသမီးပေါ့ ဟုတ်လား’

‘ဟုတ်ပါတယ်’

ယိုလင်းက....

‘ဒါဖြင့် သူက ဘာကြောင့်မလာတာလဲ’

ချိုကျန်းက....

‘နေမကောင်းဘူးလို့ ပြောနေတယ်၊ သူ့ကိုယ်စား လာရောင်းပေးတာလို့ ပြောတယ်သခင်လေး’

‘ဪ’

ယိုလင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာ၏။

‘ကျွန်တော် မေးကြည့်လိုက်ဦးမယ်’

ဟု ပြောကာ အဘွားအိုထံသို့ လှမ်းသွားလိုက်လေသည်။

အဘွားအိုက သူတို့အား စောင့်နေပါ၏။

ယိုလင်းသည် အဘွားအိုအနီးသို့ ရောက်သွားလျှင်....

‘အဘွား၊ အထည်တွေ လာရောင်းတာလား’

ဟု မေးလိုက်သည်။



အဘွားအိုက....

‘ဟုတ်ပါတယ်ကွယ်’

ယိုလင်းက....

‘သူများရဲ့ အထည်တွေဆို’

‘ဟုတ်ပါတယ်ကွယ်’

‘အဘွားက အထည်ပိုင်ရှင်နဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ၊ ပြောပါဦး’

ယိုလင်း မေးလိုက်သည်။

အဘွားအိုသည် ဆင်းရဲနွမ်းပါးပုံ ရလေသည်။

ယိုလင်းက စစ်ဆေးမေးမြန်းလာသောအခါ ကြောက်လန့်သွားပုံရလေသည်။

‘ချင်းယင်က နေမကောင်းလို့ ကျုပ်က လာရောင်းပေးရတာပါ၊ သူတို့သားအမိနှစ်ယောက်စလုံး ဖျားနေတယ်၊ အဲဒါဆေးဖိုးမရှိတာနဲ့ ရောင်းခိုင်းလိုက်တာ’

ဟု ကပျာကယာ ရှင်းပြလေသည်။

‘ချင်းယင်’

ယိုလင်းက တီးတိုးရေရွတ်လိုက်လေသည်။

တစ်ဖန်....

'အဘွားက အဲဒီ ချင်းယင်နဲ့ ဘာတော်သလဲ'

ဟု မေးလိုက်သည်။

အဘွားအိုက....

'ဘာမှ မတော်ပါဘူး၊ ကျုပ်ရဲ့ အိမ်နီးချင်းပါ၊ သူတို့သားအမိ ဒုက္ခရောက်နေတာကိုတွေ့လို့ ကျုပ်က မနေနိုင်တာနဲ့ ကူညီတာပါ'

'ဪ'

ယိလင်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

'ဒီအထည်တွေကို ချင်းယင် ရက်လုပ်တာလား'

'ဟုတ်....ဟုတ်ပါတယ်ကွယ်'

'ကောင်းပြီ၊ ပြပါဦး'

'ဒီမှာပါကွယ်'

အဘွားအိုသည် ယူဆောင်လာသော အထည်များကို ထုတ်ပြလေသည်။

ယိလင်းက စစ်ဆေးကြည့်လိုက်၏။

ချိုကျန်း ပထမတစ်ကြိမ်ပြခဲ့သည့်အထည်များနှင့် လက်ရာ အတူတူပင် ဖြစ်နေသည်ကို တွေ့ရလေသည်။

ယိလင်း သက်ပြင်းချလိုက်သည်။



ပါရမီထူးလှသည့် အထည်ရက်လုပ်သူကို တွေ့လိုစိတ် မြင်းပြလာသည်။

အဘွားအိုကို ကြည့်ကာ....

'သူက နေမကောင်းဘူးဆိုတော့ အထည်တွေကို ဆက်ပြီး မရက်နိုင်တော့ဘူးပေါ့ ဟုတ်လား'

ဟု မေးလိုက်သည်။

အဘွားအိုက....

'ဟုတ်ပါတယ်ကွယ်၊ သူတို့သားအမိ တော်တော့ကို ဒုက္ခရောက်နေကြတယ်ကွယ့်'

ယိလင်းက....

'ကောင်းပြီ၊ ဒီအထည်တွေကို ဘယ်လောက်နဲ့ရောင်းခိုင်းလိုက်တာလဲ'

အဘွားအိုက....

'တစ်ထည်ကို ငွေငါးဆယ်ပါကွယ်'

'အားလုံးဆယ်ထည်ဆိုတော့ ငါးရာပေါ့နော်'

'ဟုတ်ပါတယ်ကွယ်'

'ကောင်းပြီ'

ယိလင်းသည် သူ၏အိတ်ထဲမှ ငွေတစ်ထောင်ထုတ်ယူကာ ပေးလိုက်လေသည်။

'ကျွန်တော်က ငွေတစ်ထောင် ပေးလိုက်ပါ့မယ်'

ဟု ပြောလိုက်လေသည်။

အဘွားအိုမှာ မမျှော်လင့်ဘဲ ငွေနှစ်ဆ ပိုရလိုက်သဖြင့် ဝမ်းသာသွားလေသည်။

'ကျေးဇူးတင်လိုက်တာကွယ်၊ ချင်းယင်သာသိရင် သိပ်ကို ဝမ်းသာမှာပဲ၊ သူက ဆေးဝယ်ဖို့ ငွေတကယ်လိုအပ်နေတာကွယ့်'

ယိလင်းက....

'ကဲ....ကဲ....ဒီငွေကိုယူပြီး ဆေးဝယ်သွားပါ၊ မြန်မြန်လဲ ပြန်ဦးနော်'

'စိတ်ချပါကွယ်'

အဘွားအိုသည် ယိလင်းကို နှုတ်ဆက်ကာ ခပ်သွက်သွက် ထွက်သွားလေတော့သည်။

ထိုအခါမှ ချီကျန်းက....

'သခင်လေး၊ ဘာကြောင့် ငွေပိုပေးလိုက်ဘာလဲ'

ဟု မေးလေသည်။



ယိလင်း ပြုံးလိုက်လေသည်။

ချီကျန်းက....

'ကျုပ်က တစ်ထည်ကို သုံးဆယ်နဲ့ ဈေးဆစ်ထားတာ၊ သူတို့က ငွေလိုနေတယ် မဟုတ်လား၊ ဈေးလျှော့ပေးလဲ ရောင်းသွားမှာပဲ'

ဟု ပြောလေသည်။

ယိလင်းက....

'ဒုက္ခရောက်နေသူကို ထပ်ပြီး ဒုက္ခရောက်အောင် လုပ်ဖို့ မသင့်ပါဘူးလေ၊ တော်ကြာ ဈေးနှိမ်တယ်ဆိုပြီး တခြားဆိုင်မှာသွားရောင်းမှ ခက်နေမယ်၊ ဒီလက်ရာမျိုးကို ဘယ်သူမဆို ဝယ်ကြမှာပဲ မဟုတ်လား'

ချီကျန်း သက်ပြင်းချလိုက်လေသည်။

'ဟုတ်ပါတယ် သခင်လေး'

ယိလင်းက....

'သူ နေကောင်းလာရင် အထည်တွေကို ခုထက်ပိုပြီး ရက်လုပ်နိုင်လိမ့်မယ်၊ ကျုပ်တို့က ရသလောက်ဝယ်ပြီး ပြန်ရောင်းမယ်ဆိုရင် ကြိုက်ဈေးခေါ်ပြီးရောင်းနိုင်မှာမို့ အမြတ်အစွန်း များများရမှာပဲ မဟုတ်လား'

ချီကျန်းက....

'ကျုပ်သဘောပေါက်ပါပြီ သခင်လေး'

ယိလင်းက....

'ချင်းယင်ဆိုတဲ့ အမျိုးသမီးဟာ အထည်ရက်လုပ်ရာမှာ ပါရမီရှင်တစ်ယောက်ပဲ ဖြစ်တယ်၊ ဒါကြောင့် သူ့ကို လက်လွှတ်ခံလို့ မဖြစ်ဘူး'

ချီကျန်း မျက်မှောင်ကုတ်သွားသည်။

အနည်းငယ် စဉ်းစားပြီးမှ....

'သခင်လေး ကျုပ် ပြောပါရစေ'

ယိလင်းက....

'ဦးလေးချီ ဘာပြောချင်လို့လဲ ပြောပါ'

ချီကျန်းက....

'ချင်းယင်ဆိုတဲ့နာမည်ကို ကြားဖူးသလားလို့ပါ'

ယိလင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကြားဖူးသလိုပဲ'

ချီကျန်းက....

'တယန်းမြို့မှာ ထင်ရှားတဲ့ အထည်ရက်တဲ့ မိန်းကလေး တစ်ယောက်ရှိတယ်၊ သူ့ရဲ့လက်ရာတွေဟာ နာမည်ကျော်ပဲ။ သူဟာ တယန်းမြို့က ချင်းယင် ဖြစ်နေမလားလို့ပါ'



ယိလင်း အံ့သြသွားပြီး....

'ချင်းယင်၊ ဟုတ်ပြီ...ကျွန်တော် သိပါပြီ'

ချီကျန်းက....

'သူဟာ တယန်းမြို့က ချင်းယင်ဆိုရင်တော့ ကျုပ်တို့ အတွက် အရေးကြီးနေပြီ သခင်လေး'

ယိလင်းက....

'ဟုတ်တယ်၊ တစ်ယောက်ယောက်ကသာ သူ့ကိုရသွားရင် ကျုပ်တို့အထည်ဆိုင် နာမည်ကျသွားမှာပဲ'

ချီကျန်းက....

'သခင်လေး ဘယ်လိုလုပ်ကြမလဲ'

ယိလင်းက လက်ကာပြလိုက်သည်။

'ဒီကိစ္စကို ကျုပ် တာဝန်ယူပြီး ဖြေရှင်းပေးပါ့မယ်'

ချီကျန်းက....

'သူဟာ တယန်းမြို့က ချင်းယင်ဖြစ်ရင် သိပ်ကောင်းမှာပဲနော်'

'ဟုတ်တယ်၊ တယန်းက ချင်းယင်ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ'

ဟု ပြောလိုက်လေသည်။

ချင်းယင်၏အမည်သည် အထည်အလိပ် ကုန်သည်လောကတွင် မကြားဖူးသူမရှိသလောက်ဖြစ်သည် မဟုတ်ပါလား။

ချင်းယင်အား မမြင်ဘူးသူ၊ သူမ၏အထည်ကို မမြင်ဘူးသူများ ရှိကောင်းရှိကြမည်ဖြစ်ပေသည်။

သူမ၏အမည်ကို မကြားဘူးသူရှိမည်မဟုတ်ပေ။

အထည်အလိပ် ကုန်သည်လောကသည်ကျဉ်းကျဉ်းကလေးသာ ဖြစ်လေသည်။

ချင်းယင်နှင့်ပတ်သက်ပြီး ယိလင်းက တာဝန်ယူရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားတော့မည်ဖြစ်လေသည်။

အိမ်တိုင်းအိမ်တိုင်းသည် မီးထွန်းညှိထားလိုက်ကြပြီ ဖြစ်သည်။

ယိလင်းသည် မြို့စွန်သို့ရောက်လာ၏။

မိခင်ဖြစ်သူက အိမ်ထောင်ချပေးဖို့သာ စိစဉ်နေခြင်းကြောင့် ယိလင်းသည် အိမ်မှာမနေဘဲ အကြောင်းမရှိအကြောင်းရှာကာ ခရီးထွက်နေခဲ့လေသည်။

ထို့ကြောင့်....

သူ၏ဇာတိဖြစ်သော ခိုလုံရှမ်းမြို့သည်ပင်လျှင် သူနှင့် စိမ်းနေသကဲ့သို့ ဖြစ်သွားလေတော့သည်။

ယိလင်းသည် ထင်ရှားပြီးချမ်းသာသော အထည်အလိပ်ကုန်သည်မျိုးရိုးမှ ဆင်းသက်လာသူဖြစ်လေသည်။

ထို့ကြောင့်....

ဆင်းရဲနွမ်းပါးသူများနေထိုင်သော အရပ်နှင့် အလှမ်းကွာဝေးနေလေတော့သည်။

အရှေ့ဘက်မြို့စွန်သို့ ရောက်လာလေသောအခါ ယိလင်းမှာ ချက်ချင်း လှည့်ပြန်လိုသောစိတ်များပင် ဖြစ်ပေါ်လာလေတော့သည်။

ဆင်းရဲနွမ်းပါးသူများ ဖြစ်သလို နေထိုင်ရသော အခြေအနေကို သူက အထင်သေး၍ မဟုတ်ပါ။

ထိုကဲ့သို့သော နေရာမျိုးတွင် ဆင်းရဲစွာ နေထိုင်ရသူများအပေါ် မကြည့်ရက်၍ဖြစ်ပေသည်။

ယိလင်းသည် ဒုက္ခရောက်နေသူများ ဆင်းရဲနွမ်းပါးသူများအား တတ်စွမ်းသည့်ဘက်က ကူညီနေသူဖြစ်သည် မဟုတ်ပါလား။

ယိလင်းက လမ်းကြားကလေးတစ်ခုရှေ့သို့ ရောက်လာသောအခါ ခြေလှမ်းရပ်လိုက်လေသည်။

လမ်းကြားထိပ်၌ ထိုင်နေသူတစ်စုကို အကဲခတ် ကြည့်လိုက်၏။

ထိုလူများသည် ဟောင်းနွမ်းသော အဝတ်အစားများဝတ်ဆင်ထားပြီး မိုက်တီမိုက်ကန်း ရုပ်သွင်ရှိကြလေသည်။

ထိုသူများထံမှ အရက်နံ့တထောင်းထောင်းထနေ၏။

ယိလင်းသည် မသက်မသာဖြင့်....



'မိတ်ဆွေတို့၊ ဒီလမ်းထဲမှာနေထိုင်တဲ့ ချင်းယင်ဆိုတဲ့ အမျိုးသမီးတစ်ယောက်များ ရှိသလားဗျ'

ဟု မေးလိုက်မိလေသည်။

အရက်မူးနေသူတစ်ယောက်က....

'မင်းက အမျိုးသမီးလာရှာတာလား'

'ကျုပ်က အထည်ရက်တဲ့ချင်းယင်ကို လာရှာတာပါ'

'ချင်းယင်တော့ မသိဘူး၊ မင်းလိုချင်ရင် အမျိုးသမီးခပ်ချောချောလေးတွေ ရှိတယ်၊ ကျုပ်လိုက်ပို့ပေးမယ်၊ ဒါပေမယ့် ကျုပ်တို့ကို အရက်ဖိုးပေးရမယ်နော်'

'ဗျာ'

မျှော်လင့်မထားသောဖြစ်ရပ်နှင့် ကြုံလိုက်ရသဖြင့် ယိလင်းပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ထိုလူက....

'ကဲ....သွားရအောင်'

ဟု ပြောလာသည်။

ယိလင်းက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး၊ မဟုတ်ဘူး'

ဟု အော်ကာ ကပျာကယာ နောက်ဆုတ်လိုက်၏။

အခြေအနေ ရုတ်ရုတ်သဲသဲဖြစ်သွား၍ အရက်သမား၏ အဖော်များက စိုင်းအုံလာကြလေသည်။

ယိလင်း မျက်လုံးပြူးသွားလေသည်။

အရက်သမားက....

'မင်းမသွားဘူးဆိုရင်လဲ ငါတို့ကို အရက်ဖိုးပေးခဲ့ရမယ်'

ဟု ပြောလေသည်။

ယိလင်း နောက်ဆုတ်လိုက်ပြန်သည်။

အရက်သမားက....

'မင်း မပေးရင် သေဖို့သာပြင်ထား'

ဟု ဟောက်ကာ ရန်ပြုမည့်အသွင် ဖြစ်လာလေသည်။

ယိလင်း မနေဝံ့တော့ပါ။



'ပေး... ပေးပါ့မယ်ဗျာ'

ငွေတစ်ထင်ကိုဆွဲထုတ်ကာ ထိုးပေးလိုက်လေသည်။

အရက်သမားများ ကျေနပ်သွားကြပြီး....

'ဟေး... အရက်ဖိုးရပြီကွ'

ဟု အော်ပြောကာ ယိလင်းကိုဂရုမစိုက်ဘဲ ပြေးထွက်သွားကြလေတော့သည်။

* * *

ယိလင်း၏တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် စို့ရွှဲနေလေသည်။

အလိုလိုနေရင်း မောဟိုက်နေ၏။

အိပ်မက်ဆိုးတစ်ခုမှ လန့်နိုးလာသူ တစ်ယောက်အလား ခံစားနေရ၏။

စရိုက်ကြမ်းလူသူများနှင့် ရင်ဆိုင်တွေ့ခဲ့ရသည် မဟုတ်ပါလား။

'ငါက ဆိုင်ပိတ်မှ အေးအေးဆေးဆေး အခြေအနေ သွားကြည့်မယ်လို့ ဆုံးဖြတ်ခဲ့တာ မှားပြီ၊ ဒီနေရာမျိုးကို အချိန်ရှိတုန်း လာဖို့ကောင်းတာ၊ ခုလို နေဝင်မိုးချုပ်သွားလို့ မသင့်ဘူး၊ ပြန်မှပဲ'

ဟု တွေးကာ နောက်လှည့်ပြန်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

လမ်းကြားထဲမှ အဘွားအိုတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအဘွားအိုမှာ ချင်းယင်ကိုယ်စား အထည်များ လာရောင်းချခဲ့သူ ဖြစ်လေသည်။

ယိုလင်း ဝမ်းသာသွားလေသည်။

'အဒေါ်ကြီး၊ ကျွန်တော့်ကို မှတ်မိရဲ့လား'

ဟု ကပျာကယာလှမ်းသွားပြီး မေးလိုက်လေသည်။

အဘွားအိုသည် ချက်ချင်းမှတ်မိသွားသည်။

'ဩော်....အထည်ဆိုင်ရှင် သူဌေးလေးပါလား'

ယိုလင်းက....



'ကျွန်တော်က ချင်းယင်ကို လာရှာတာပါ'

အဘွားအိုက....

'လက်စသတ်တော့ ချင်းယင်ကို လာရှာတာကိုး'

'ဟုတ်ပါတယ်ခင်ဗျာ'

'ကိစ္စရှိလို့လားကွယ့်'

'ဟုတ်ပါတယ်ခင်ဗျာ'

'ကဲ....လာ....လာ'

အဘွားအိုသည် ယိုလင်းကို ခေါ်ဆောင်သွားလေသည်။

ယိုလင်းလည်း လိုက်သွားသည်။

တဲအိမ် ငါးအိမ်များကို ဖြတ်သန်းပြီးလျှင် ခြံဝိုင်းလေး တစ်ခုသို့ ရောက်သွားလေသည်။

ထိုခြံဝိုင်းလေးအတွင်း၌ မီးရောင်များထွက်ပေါ်နေသော အိမ်ကလေးတစ်လုံး ရှိနေသည်ကို တွေ့လိုက်ရလေသည်။

အိမ်ကလေးမှာ သေးငယ်သော်လည်း သန့်ရှင်းသပ်ရပ်မှု ရှိလေသည်။

အဘွားအိုက....

'ချင်းယင်....ချင်းယင်'

ဟု ခေါ်လိုက်သည်။

မရှေးမနှောင်းမှာပင် အိမ်ထဲမှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဘယ်သူလဲဟင်'

'ငါပါ၊ ဝမ်းကူးပါ'

'ဩော်....ဒေါ်လေးကူး လာလေ'

အဘွားအိုက ယိလင်းကို ခေါင်းညိတ်ပြလိုက်သည်။

'လာလေ'

ယိလင်းက လိုက်သွားလေသည်။

အိမ်ထဲသို့ရောက်သွားလျှင် ကပိုကယိုလေးရှိနေသော ချင်းယင်ကို တွေ့လိုက်ရလေသည်။

'ဩော်....ဧည့်သည်ပါလာတာကိုး'



ချင်းယင် အားတုံ့အားနာ ဖြစ်သွားလေသည်။

ယိလင်းမှာ ချင်းယင်ကို တွေ့ရလျှင် စကားမပြောနိုင်အောင် ဖြစ်သွားလေသည်။

သူ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာရလေသည်။

တစ်သက်တာ ကာလအတွင်း လုံးဝ မဖြစ်ခဲ့ဘူးသော ခံစားချက်မျိုး ဖြစ်သည်။

ချင်းယင်၏ မျက်နှာလေးသည် ညိုးနွမ်းကာ ချောင်ကျနေ၏။

ဆံကေသာများကလည်း ကပိုကယို ဖြစ်နေသည်။

သို့သော်....

အဘွားအိုက....

'ဒါ...ယိ မိသားစု အထည်ဆိုင်ပိုင်ရှင် သူဌေးလေးပေါ့'

ဟု မိတ်ဆက်ပေးလိုက်လေသည်။

ချင်းယင် အံ့ဩသွားလေသည်။

ယိ မိသားစု အထည်ဆိုင်သည် နံ့လုံရှမ်းမြို့တွင် အထင်ရှားဆုံး အထည်ဆိုင်ကြီးဖြစ်သည်။

အလွန်ချမ်းသာကြွယ်ဝသော ယိ မိသားစုမှ ပိုင်ဆိုင်ကြောင်း သူမ သိရှိထားလေသည်။

သူဌေးသားယိလင်းက အဘယ်ကြောင့် သူမထံသို့ လာရောက်ရပါသနည်း။

‘ဪ….သူဌေးသားကိုယ်တိုင် လာခဲ့တာကိုး၊ ဘယ်လို အကြောင်းကိစ္စများ ရှိလို့ဆိုတာ ပြောပါရှင်’

ဟု မေးလိုက်လေသည်။

ယိလင်းက….

‘ကျုပ်က မိန်းကလေးနဲ့ တိုင်ပင်ဆွေးနွေးစရာ ရှိလို့ပါ’

‘ဟုတ်ကဲ့၊ ဘာများပါလိမ့်ရှင်’

’တခြားတော့ မဟုတ်ပါဘူး၊ ညီမဟာ တယန်းမြို့က လာခဲ့တာလားဆိုတာ သိချင်လို့ပါ’

တယန်းမြို့ဆိုသော အမည်ကြားလျှင် ချင်းယင် တွေခနဲ ဖြစ်သွားလေသည်။



သို့သော်….

‘ဟုတ်ပါတယ်ရှင်၊ ဘာများ ဖြစ်လို့ပါလိမ့်’

အမှန်အတိုင်း ဝန်ခံကာ ပြန်မေးလိုက်လေသည်။

ယိလင်း ပြုံးလိုက်သည်။

‘ဒါဖြင့် အထည်အလိပ် ရောင်းချတဲ့ နေရာမှာ နာမည်ကျော်တဲ့ ချင်းယင်ဆိုတာ သေချာသွားပြီပေါ့’

ချင်းယင် ဘာမှမပြောဘဲ ပြုံး၍နေလိုက်လေသည်။

ယိလင်းက….

‘ကျုပ် အခုလာခဲ့တာဟာ ညီမရက်လုပ်တဲ့အထည်တွေကို လိုချင်လို့ပါ၊ ဈေးကောင်းပေးပါ့မယ်’

ဟု ပြောလိုက်၏။

ချင်းယင် သက်ပြင်းချလိုက်သည်။

‘ဝမ်းနည်းပါတယ်ရှင်၊ ခုချိန်မှာ ကျွန်မ စီးပွားဖြစ် အထည်ရက်လုပ်ဖို့ စိတ်မကူးတော့ပါဘူး၊ ကျွန်မတို့ သားအမိ စားလောက်ရုံရရင် တော်ပြီလို့ ဆုံးဖြတ်ထားပါတယ်ရှင်’

'ဩော်... ကလေးရှိသေးတာကိုး'

'ဟုတ်ပါတယ် ရှင်'

ယီလင်းသည် အာခေါင်များ ခြောက်ကပ်လာသည်ဟု ခံစားလိုက်ရလေသည်။

အဘွားအိုက....

'သားအမိနှစ်ယောက်စလုံး နေမကောင်းဖြစ်နေကြတာလေ'

ဟု ဝင်ပြော၏။

ထိုအခါမှ ယီလင်း သတိဝင်လာကာ....

'ဟုတ်သားပဲ၊ ကျုပ်လဲ သူများနေမကောင်းတာကို ဂရုမစိုက်ဘဲ စီးပွားရေးအကြောင်း လာပြောသလို ဖြစ်နေပြီ၊ ကျုပ်ကို ခွင့်လွှတ်ပါနော်၊ ဒါထက် သမားတော် ခေါ်မပြဘူးလား'

ချင်းယင် ငြိမ်ငိုနေ၏။

အဘွားအိုက....

'သမားတော် ခေါ်ပြပါတယ်၊ ဒါပေမယ့် ခြေကြခက ဈေးကြီးလွန်းလို့ နောက်ပိုင်း ဆေးပဲ ဝယ်သောက် နေရတယ်လေ'



'ဩော်....ဩော်'

ယီလင်း စိတ်မကောင်းဖြစ်သွားသည်။

ချက်ချင်းပင် ငွေတစ်ထပ် ထုတ်ယူကာ....

'ဟောဒီငွေကို လက်ခံပါ၊ ကျုပ်က စေတနာနဲ့ ကူညီတာပါ'

ဟု ပြောလိုက်၏။

ချင်းယင်က ချက်ချင်း ငြင်းလိုက်လေသည်။

'အို...ကျွန်မ လက်မခံပါရစေနဲ့ရှင်'

ယီလင်းက....

'ကျုပ်က စေတနာနဲ့ ကူညီတာပါ၊ ညီမ ရက်လုပ်တဲ့ အထည်တွေကို ကျုပ်ကို မရောင်းချင်နေပါ၊ ကျုပ် ကူညီတဲ့ ငွေကိုတော့ လက်ခံစေချင်ပါတယ်'

အဘွားအိုက....

'ဟုတ်တယ် ချင်းယင်၊ သူဌေးသားလေးဟာ ဆင်းရဲနွမ်းပါးသူတွေကို အမြဲတမ်း ကူညီနေတဲ့လူပေါ့၊ ညည်းတို့ သားအမိ ဆေးကုဖို့ လိုသေးတာပဲ၊ ယူသားလိုက်ပါ'

ဟု ကြားဝင်တိုက်တွန်းလိုက်လေသည်။

ထိုစဉ်....

'မေ့မေ'

အိမ်ထဲမှ ကလေးငယ်တစ်ယောက်၏ငိုညည်းသံနှင့် ခေါ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချင်းယင်က ငေါက်ခနဲ ထရပ်လိုက်လေသည်။

ယိလင်းကလည်း အလိုက်သိစွာဖြင့် နှုတ်ဆက်လိုက်လေသည်။

'ကျုပ်ကို ခွင့်ပြုပါဦးဗျာ'

ယိလင်းသည် ချင်းယင်၏ အိမ်မှ ပြန်လာခဲ့ပြီး ထိုနေ့ည အဖို့ အိပ်မပျော်နိုင်ပါတော့ချေ။

'မိန်းကလေးရယ်၊ မင်းနဲ့ငါ ဘာကြောင့်များ စောစောစီးစီး မတွေ့ခဲ့ကြရတာလဲကွယ်'

ဟုလည်း အကြိမ်ပေါင်းများစွာ ရေရွတ်လိုက်မိလေတော့သည်။

*　　*　　*

ခေါင်းတုံးပေါ်ထိပ်ကွက်

---

လိပ်ပြာတည်းခိုခန်း။

လိပ်ပြာတည်းခိုခန်းသည် ဟောင်းနွမ်းနေပြီ ဖြစ်သော အဆောက်အအုံကြီးတစ်လုံး၌ ဖွင့်ထားခြင်းဖြစ်လေသည်။

အဆောက်အအုံက ဟောင်းနွမ်းနေပြီဖြစ်သလို အသုံးအဆောင်များ ပရိဘောဂများသည်လည်း ဟောင်းနွမ်းနေပြီ ဖြစ်သည်။

အချို့သောအခန်းများမှာ တံခါးပိတ်၍ မရအောင်ပင် အခြေအနေဆိုးနေပြီ ဖြစ်လေသည်။

လိပ်ပြာတည်းခိုခန်းသည် အလွန်ဈေးပေါသောတည်းခိုခန်းတစ်ခု ဖြစ်ပေတော့သည်။

တည်းခိုခန်းနှင့်ပတ်သက်ပြီး မကြာမီပိုတ်ပစ်ရလိမ့်မည်ဟု သူက ယုံကြည်လေသည်။

သို့သော်....

တည်းခိုခန်းကား ဆက်လက်ဖွင့်ထားဆဲပင်....

အဆောက်အအုံ တစ်ခုလုံး ဗုန်းဗုန်းလဲကာ ပြိုကျသွားတော့မှ ပိတ်ပစ်မည့်သဘော ရှိလေသည်။

ဤမျှ ဟောင်းနွမ်းစုတ်ချာသော တည်းခိုခန်း အသက်ရှင်သန်သည်မှာ လာရောက်တည်းခိုသူများရှိနေသောကြောင့်ဟု ဆိုနိုင်ပေသည်။

မည်သို့ဆိုစေ....

လာရောက်တည်းခိုကြသူများသည်လူကောင်းများမဟုတ်ဘဲ အခြေအနေမဲ့များ ဖြစ်ကြောင်း ထင်ရှားနေ၏။

လူကောင်းများ၊ ခရီးသည်များနှင့် ကုန်သည်များကား လိပ်ပြာတည်းခိုခန်းတွင် အခန်းတစ်ခန်းကိုသာဝစဉ်ငှားရမ်းထားသူ တစ်ယောက် ရှိနေသည်ဆိုလျှင် မည်သူမျှယုံကြည်ကြလိမ့်မည် မဟုတ်ပါချေ။



အမှန်တကယ်တော့ ရှိနေပါသည်။

ထိုလူမှာ ကျွန်းဟိုဖြစ်လေသည်။

ယခု....

ကျွန်းဟိုသည် ရွှေလိပ်ပြာတည်းခိုခန်း၏ သူငှားရမ်းထားသော အခန်းတွင်း၌ အိပ်စက်၍နေလေတော့သည်။

* * *

'ခွပ်....ခွပ်....ခွပ် ...ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

မြင်းစီးသမားတစ်စုသည် လိပ်ပြာတည်းခိုခန်း ရှေ့သို့ရောက်ရှိလာကြလေသည်။

ထိုမြင်းစီးသမားများသည် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြပြီးကိုယ်ကျပ်အင်္ကျီများဝတ်ဆင်ထားကြခြင်းကြောင့် သိုင်းသမားများဖြစ်ကြောင်း ထင်ရှား ပေါ်လွင်နေပါတော့သည်။

သိုင်းလောကသားများသည် မြင်းတစ်စီး ဓားတစ်လက်ဖြင့် သိုင်းလောက တစ်နံတစ်လျား သွားလာလှုပ်ရှား နေထိုင်ကြသူများ ဖြစ်ကြပေသည်။

ယခု....

သိုင်းသမားများသည် ခရီးသွားရင်း လိပ်ပြာတည်းခိုခန်း၌ တည်းခိုရန် ရောက်ရှိလာခြင်းပေလော။

သိုင်းသမားများသည် မြင်းပေါ်မှ အသီးသီးခုန်ဆင်းလိုက်ကြလေသည်။

ထို့နောက်....

တည်းခိုခန်းကို ဝိုင်းရံထားလိုက်ကြသည်။

သိုင်းသမားအချို့က တည်းခိုခန်းထဲသို့ ဝင်သွားလေသည်။

ထိုသိုင်းသမားများအား ဦးဆောင်လာသူမှာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ထူပျစ်စွာရှိသူ ဖြစ်လေသည်။

ထိုလူစု ဝင်ရောက်သွားသောအခါ ဆိုင်ရှင်က ပျာပျာသလဲ ကြိုဆိုလိုက်လေသည်။



'ကြွပါဗျာ....ကြွပါ၊ တည်းခိုခန်း ငှားရမ်းကြဖို့လား ဗျာ၊ ကျုပ်ရဲ့ တည်းခိုခန်းက ဈေးပေါပါတယ်၊ တစ်ရက်မှ ငွေတစ်ပြားပဲကျပါတယ်၊ ကြိုက်သလောက် တည်းခိုနိုင်ပါတယ်ဗျာ'

ဟု ပြောလေသည်။

မုတ်ဆိတ်ရှည်နှင့်လူက စားပွဲကိုလက်ဝါးဖြင့် ဖြန်းခနဲမြည်အောင် ရိုက်ချလိုက်ပြီး....

'ကျုပ်တို့က တည်းခိုဖို့လာတာ မဟုတ်ဘူး၊ ဒီမှာတည်းခိုနေတဲ့ လူတစ်ယောက်ကို လာရှာတာ'

ဟု ပြောလိုက်လေသည်။

ဆိုင်ရှင်က....

'ဒီမှာတည်းခိုနေတဲ့လူ တစ်ယောက်မှမရှိပါဘူးဗျာ'

'ဘာပြောတယ်'

'ဩြော်....ဟို.... ဟို.... ကျန်းဟိုဘစ်ယောက်တော့ ရှိပါတယ်၊ သူက ဒီမှာနေတာ ကြာပါပြီ၊ ဒါကြောင့် ကျုပ်က တည်းခိုတဲ့ဧည့်သည်လို့ သဘောမထားမိတော့လို့ပါ'

ဆိုင်ရှင်သည် ချက်ချင်းပင် စကားပြင်ပြောလေသည်။

မုတ်ဆိတ်ရှည် ကျေနပ်သွားလေသည်။

'ကောင်းပြီ၊ ကျုပ်တို့ကလဲ ကျန်းဟိုကို လာရှာတာပဲ၊ သူရှိတယ် မဟုတ်လား'

'ဟုတ်....ဟုတ်ကဲ့၊ ရှိပါတယ်၊ အိပ်နေပါတယ်ဗျာ'

'သူ့အခန်းက ဘယ်မှာလဲ'

'အပေါ်ထပ်မှာပါ၊ အခန်းနံပါတ် ဆယ့်သုံးပါ'

'ကောင်းပြီ'

မုတ်ဆိတ်ရှည်က လက်ဝှေ့ယမ်းပြလိုက်လေသည်။

လူတစ်ယောက်က ဆိုင်ရှင်အနီးသို့ ချဉ်းကပ်သွားကာ....

'မလှုပ်နဲ့'

ဟု ဝေါက်လိုက်၏။

ထိုလူ၏လက်ထဲ၌ ဓားတစ်လက် ပါလာသည်။

ဆိုင်ရှင်၏ရင်ဝကို ထောက်ထားလိုက်လေသည်။

'အမယ်လေး'



ဆိုင်ရှင် ထိတ်လန့်သွားသည်။

'ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်နေ'

ထိုလူက ဝေါက်လိုက်သည်။

ဆိုင်ရှင် တုတ်တုတ်မျှ မလှုပ်ဝံ့တော့ပါချေ။

မုတ်ဆိတ်ရှည်ခေါင်းဆောင်သော လူစုက တည်းခိုခန်း အပေါ်ထပ်သို့ တက်သွားကြလေသည်။

မကြာပါချေ။

အခန်းအမှတ် တစ်ဆယ့်သုံးရှေ့သို့ ရောက်ရှိသွားကြလေသည်။

တည်းခိုခန်းအပေါ်ထပ် စင်္ကြံလမ်းမှာ အလင်းရောင် မလုံလောက်တဲ့ အမှောင်ရိပ်များ သမ်းနေသည်။

မြေကြွက်ကြီးအချို့က ဖြတ်သန်းပြေးလွှားနေ၏။

မုတ်ဆိတ်ရှည်တို့လူစု ရောက်လာသောအခါ မြေကြွက်ကြီးတစ်ကောင်သည် တကျွိကျွိ စူးရှစွာအော်ကာ ထွက်ပြေးသွားလေသည်။

'ကြွက်စုတ်'

မုတ်ဆိတ်ရှည်က မကျေမနပ်ဖြင့် ရေရွတ်လိုက်သည်။

တစ်ခဏအတွင်းမှာပင် သူတို့လူစုသည် အခန်းအမှတ် ဆယ့်သုံးရှေ့သို့ ရောက်သွားကြလေသည်။

မုတ်ဆိတ်ရှည်က ခေါင်းညိတ်ပြလိုက်သည်။

သိုင်းသမားတစ်ယောက်က တံခါးကို ခြေထောက်ဖြင့် ကန်ဖွင့်လိုက်လေသည်။

'စုန်း'

ကျယ်လောင်သောမြည်သံနှင့်အတူ တံခါးပွင့်သွားလေသည်။

မုတ်ဆိတ်ရှည်တို့သည် လက်နက်ကိုယ်စီဆွဲကိုင်ကာ အခန်းတွင်းသို့ တစ်ဟုန်ထိုး ပြေးဝင်သွားကြလေသည်။

အခန်းထဲသို့ ရောက်သွားကြသောအခါ လူသူတစ်စုံတစ်ယောက်မျှ ရှိမနေကြောင်း တွေ့ရလေသည်။

'တောက်'

မုတ်ဆိတ်ရှည် မကျေမနပ်ဖြင့် တက်ခေါက်လိုက်လေသည်။

တွန့်ကြေနေသော အိပ်ရာခင်းကိုကြည့်ကာ....



'တို့ရောက်လာမှန်းသိလို့ ဒီကောင်ထွက်ပြေးသွားပြီ'

ဟု ပြောလိုက်သည်။

တစ်ဖန် လက်ဝှေ့ယမ်းပြလိုက်ပြီး....

'လိုက်ရှာကြစမ်း'

ဟု အမိန့်ပေးလိုက်လေသည်။

'ဟုတ်ကဲ့'

သူ၏နောက်လိုက်များသည် ချက်ချင်းပင် အခန်းတွင်းမှ ပြေးထွက်သွားကြလေသည်။

အခန်းတွင်း၌ မုတ်ဆိတ်ရှည်တစ်ယောက်သာလျှင် ကျန်ရစ်ခဲ့လေတော့သည်။

မုတ်ဆိတ်ရှည်သည် အခန်းတွင်းသို့ ဝေ့ကြည့်ပြီး လိုက်လံမွှေနှောက် ရှာဖွေလိုက်လေသည်။

မွေ့ရာအောက်၌ အစီအရီခင်းထားသော ငွေစက္ကူများကို ရှာဖွေတွေ့ရှိလိုက်ရလေတော့သည်။

'ဟား....ဟား....ဟား'

မုတ်ဆိတ်ရှည် သဘောကျစွာဖြင့် ရယ်မောလိုက်လေသည်။

ငွေစက္ကူများကို သိမ်းကြုံးယူငင်ကာ အိတ်ထဲထည့်လိုက်ပြီး....

'ကျန်းဟို....မင်းက ကြေးစားလုပ်ငန်းက ရတဲ့ငွေတွေကို မသုံးရက်ဘဲ စုဆောင်းထားတာကိုး၊ နောက်ဆုံးတော့ ဒါတွေဟာ ငါ့အတွက်ပဲ ဖြစ်လာရတာပဲ မဟုတ်လား'

ဟု ပြောလိုက်လေသည်။

ထို့နောက်....

ခြေလှမ်းကျဲကျဲဖြင့် အခန်းတွင်းမှ ထွက်သွားလေတော့သည်။

များမကြာမီ....

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



မုတ်ဆိတ်ရှည်တို့လူစုသည် ထွက်သွားကြပြီဖြစ်ကြောင်း ထင်ရှားနေလေတော့သည်။

ထိုအခါမှ...

'ချပ်'

မြည်သံသဲ့သဲ့ ထွက်ပေါ်လာလေသည်။

ခေါင်မိုးမျက်နှာကျက်ကျောက်ပြားတစ်ချပ် ရွေ့လျားသွားသည်။

အပေါက်တစ်ပေါက် ဖြစ်ပေါ်လာပြီး မျက်နှာကျက်ပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာလေသည်။

ကျန်းဟို ဖြစ်လေသည်။

ကျန်းဟိုသည် တစ်ခန်းလုံး မွစာကြဲနေသည်ကိုကြည့်ကာ သက်ပြင်းချလိုက်လေသည်။

ထို့နောက်....

ဆိုင်အောက်ထပ်သို့ ဆင်းလာခဲ့လေတော့သည်။

* * *

ဆိုင်ရှင်သည် အကြီးအကျယ် ထိတ်လန့်နေသည်။

မှုတ်ဆိတ်ရှည်တို့လူစု ထွက်သွားကြတော့မှ သက်ပြင်းချနိုင်လိုက်လေသည်။

အသက်တစ်ချောင်း ကောက်ရလိုက်သည်ဟုပင် ခံစားလိုက်ရလေသည်။

ချက်ချင်းပင် အရက်အိုးကိုပြေးယူပြီး အရက်သောက်ရန် ဟန်ပြင်လိုက်ခြင်း ဖြစ်သည်။

ခွက်ထဲသို့ အရက်ငှဲ့ပြီးသွားလျှင်....

ရုတ်တရက် လက်တစ်ဖက်က အရက်ခွက်ကို ဆွဲယူသွားလေသည်။

'ဟင်'

ဆိုင်ရှင် ကြောင်အမ်းအမ်းဖြင့် မော့ကြည့်လိုက်သည်။

ထိုအခါ...

သူ့အားပြုံး၍ကြည့်နေသော ကျန်းဟိုအား တွေ့လိုက်ရလေသည်။

ဆိုင်ရှင် မျက်လုံးပြူးသွားသည်။



'မင်း....မင်း'

ကျန်းဟိုက....

'စောစောက မြင်းခွာသံတွေကော လူသံတွေပါ ဆူဆူညံညံကြားရတယ်၊ ဘာဖြစ်တာလဲဗျ'

ဟု မေးလိုက်လေသည်။

ဆိုင်ရှင်က....

'ဟို....ဟို....'

ထစ်ထစ်ငေါ့ငေါ့ဖြင့် မည်သို့ပြောရမှန်းမသိ ဖြစ်နေ၏။

ကျန်းဟိုက....

'ခင်ဗျားကော မကြားလိုက်ဘူးလား၊ နေစမ်းပါဦး၊ ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ'

ဆိုင်ရှင် သက်ပြင်းချလိုက်လေသည်။

'ငါက မင်းသေသွားပြီလို့ ထင်နေတာ'

'ဘာဗျ'

'စောစောက လူတစ်စု မင်းကို လာရှာကြတယ်'

'ဩော်'

'ကျုပ်ကိုရန်မူတာနဲ့ မင်းနေတဲ့အခန်းကို ပြောပြလိုက်မိတယ်'

ကျန်းဟိုက လက်ကာပြလိုက်လေသည်။

'မပူပါနဲ့ဗျာ၊ ဒီလူတွေ အခန်းမှားပြီး ရှာသွားကြတာပါ၊ ကျုပ်ကိုမတွေ့တာနဲ့ ထွက်သွားတာဖြစ်မှာပေါ့'

ဆိုင်ရှင်က သူ့အား ငေးကြည့်နေ၏။

ကျန်းဟိုက....

'ကျုပ်က ပြောစရာရှိလို့'

ဆိုင်ရှင်က....

'ပြော....ပြောပါ'

ကျန်းဟိုက....

'ကျုပ် ဒီကသွားတော့မယ်'



'မင်း ဘယ်တော့ပြန်လာမလဲ'

'ဘယ်တော့မှ ပြန်မလာတော့ဘူး'

ဆိုင်ရှင် ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

ကျန်းဟိုက....

'ကျုပ် ဒီမှာနေခဲ့တဲ့အချိန်တစ်လျှောက်လုံး ခင်ဗျားဟာ ကျုပ်အပေါ်မှာကောင်းခဲ့တာကို ထောက်ထားပြီး ခင်ဗျားကို ခွင့်လွှတ်လိုက်မယ်'

'ကျေးဇူးတင်ပါတယ်ကွာ'

ဆိုင်ရှင်က လှိုက်လှိုက်လှဲလှဲပြောလိုက်လေသည်။

ကျန်းဟိုက ဂရုမစိုက်တော့ချေ။

'ကျုပ်ရှာထားတဲ့ ငွေတွေကို မုတ်ဆိတ်တိုလူစုက ရယူသွားကြတယ်၊ ဒီကိစ္စကို ဖြေရှင်းရလိမ့်မယ်'

ဟု အေးတိအေးစက်ပြောကာ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

* * *

မုတ်ဆိတ်....

မုတ်ဆိတ်သည် အနက်ရောင် သိုင်းသမားတစ်ယောက်ဖြစ်လေသည်။

သေမထူး နေမထူး လူဆိုးလူမိုက်များကိုစုစည်းကာ ဆိုးသွမ်းမိုက်မဲနေသူဖြစ်သည်။

ဒုစရိုက်သမားအချင်းချင်း ခေါင်းတုံးပေါ် ထိပ်ကွက်သူလည်း ဖြစ်လေသည်။

ကျန်းဟိုသည် မုတ်ဆိတ်ကိုမမှုပါ။

သို့သော်....

မုတ်ဆိတ်သည် လူစုံလူဝေးနှင့်ရောက်လာပြီး လက်ဦးနေသဖြင့် သူက ရှောင်တိမ်းနေလိုက်ခြင်းဖြစ်လေသည်။

ယခု....

မုတ်ဆိတ်တို့လူစုအား မှတ်လောက်သားလောက် ဆုံးမရန်သူက ဆုံးဖြတ်ထားလေသည်။

* * *

## ရက်စက်တဲ့လူ

---

ည....

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

စိမ်းလန်းသောတောအုပ်အတွင်း၌ မီးပုံတစ်ခုရှိနေသည်ကို တွေ့မြင်ရလေသည်။

မီးပုံအနီး၌ လူတစ်စု ဝိုင်းဖွဲ့ထိုင်ကာ အရက်သောက်နေကြလေသည်။

ထိုလူစုမှာ မုတ်ဆိတ်တို့လူစုံ ဖြစ်လေသည်။

မီးပုံပေါ်တွင် သိုးတစ်ကောင်ကို မီးကင်ထားလေသည်။

မုတ်ဆိတ်၏လူများသည် အရက်များသောက်ကာ ပျော်မြူးနေကြ၏။

ထိုစဉ်....

လူရိပ်တစ်ခုသည် သူတို့နှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာ၏။

မုတ်ဆိတ်၏လူများသောက်မည့် အရက်အိုးများကိုဖွင့်ကာ ဖြူဖြူအမှုန့်များထည့်လိုက်သည်။

ထို့နောက် အမှောင်ရိပ်ထဲ တိုးဝင်ပျောက်ကွယ်သွားလေသည်။

မကြာပါချေ။

အရက်သောက်နေကြသော မုတ်ဆိတ်၏လူများ အထိတ်တလန့် အော်ဟစ်လိုက်ကြလေသည်။

'အား'



'ပူလိုက်တာ'

'အမယ်လေး'

'သေပါပြီဗျ'

သူတို့သောက်ခဲ့ကြသည့်အရက်အိုးများအတွင်းတွင် အဆိပ်ခတ်ထားကြောင်း သိလိုက်ရသောအခါ နောက်ကျသွားကြပြီဖြစ်လေသည်။

ထိုသူများသည် တစ်ကိုယ်လုံး တွန့်လိမ်ကောက်ကွေးကာ မျက်နှာများ ပြာနှမ်းသွားကြပြီး မကြာမီ အားလုံးလိုလို သေဆုံးသွားကြလေတော့သည်။

* * *

မုတ်ဆိတ်၏လူများ သေဆုံးသွားကြပြီဖြစ်လေသည်။

ထိုအချိန်တွင်....

အမှောင်ရိပ်ထဲမှ လူရိပ်တစ်ခု ထွက်ပေါ်လာလေသည်။

ထိုလူမှာ ကျန်းဟို ဖြစ်လေသည်။

ကျန်းဟိုသည် မုတ်ဆိတ်၏လူများကို လိုက်လံစစ်ဆေးကြည့်ရှုပြီး ထိုလူများ၏အိတ်ထဲမှ အဖိုးတန်ပစ္စည်းများကို နှိုက်ယူလိုက်လေသည်။

ထို့နောက်....

ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'အင်း....အင်း'

ညည်းတွားသံများ သဲ့သဲ့ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



ကျန်းဟို ခြေလှမ်းရပ်လိုက်သည်။

လူးလွန့်ညည်းတွားလာသူထံသို့ လှမ်းသွားလိုက်ပြီး စစ်ဆေးကြည့်လိုက်၏။

'ရေ....ရေပေးပါ'

ထိုလူသည် ရင်ထဲ ပူလောင်နေသဖြင့် ရေတောင်းလာလေသည်။

ကျန်းဟိုက....

'ရေသောက်ချင်သလား၊ ကောင်းပြီ၊ မုတ်ဆိတ် ဘယ်မှာရှိတယ်ဆိုတာပြောရင် ရေသောက်ရမယ်၊ အဆိပ်ဖြေဆေးလဲ ပေးမယ်'

ဟု ပြောလိုက်သည်။

ထိုလူ ဝမ်းသာသွားလေသည်။

'မုတ်ဆိတ်က သူ့ရဲ့ဒုတိယဇနီးသည် ဖုံးရှောင်ရဲ့အိမ်မှာရှိနေလိမ့်မယ်'

'ကောင်းပြီ'

ကျန်းဟိုက လှည့်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုလူက....

'ကျုပ်....ကျုပ်ကို အဆိပ်ဖြေဆေးပေးပါ'

ဟု အထိတ်တလန့် တောင်းလေသည်။

ကျန်းဟိုက...

'မုတ်ဆိတ်ကိုတွေ့မှ ပေးမယ်'

'မင်း လူယုတ်မာ'

ထိုလူက ဒေါသတကြီး အော်ပြောလိုက်၏။

ကျန်းဟိုက....

'ကျုပ်က မင်းတို့ကိုစပြီး ဒုက္ခပေးခဲ့တာလား၊ မင်းတို့က ကျုပ်ကိုဒုက္ခပေးခဲ့တာလား'

ဟု ပြောလေသည်။



ပြီးလျှင် ခြေလှမ်းကျဲကျဲဖြင့် ထွက်သွား၏။

ထိုလူသည် ကျန်းဟိုကို အမျိုးမျိုး အော်ဟစ်ကျိန်ဆဲကာ ကျန်ရစ်ခဲ့လေသည်။

မကြာပါချေ။

ထိုလူ၏အသံ တိတ်ဆိတ် ပျောက်ကွယ်သွားလေတော့သည်။

* * *

ဖိုးရှောင်၏အိမ်....

ဖိုးရှောင်၏အိမ်ထဲ၌ မီးလင်းနေသည်။

ဖိုးရှောင်သည် ချောမောလှပသော အမျိုးသမီး တစ်ယောက်ဖြစ်၏။

ယခင်က အပျော်မယ်ဖြစ်ခဲ့ဖူးပြီး မုတ်ဆိတ်က သဘောကျသဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လုယက်တိုက်ခိုက်၍ရသောငွေများဖြင့် အိမ်တစ်လုံး ဝယ်ပေးထားပြီး တင့်တောင့်တင့်တယ် ထားခဲ့ခြင်းဖြစ်လေသည်။

ယနေ့ည....

မုတ်ဆိတ်သည် ကျန်းဟိုထံမှရလာသောငွေများဖြင့် ဖုံးရှောင်၏အိမ်သို့ ရောက်လာလေသည်။

ဖုံးရှောင်က လိုလေသေးမရှိ ချက်ပြုတ်ကျွေးမွေးဧည့်ခံပြုစုခဲ့လေသည်။

မုတ်ဆိတ် ကျေနပ်နှစ်သိမ့်နေသည်။

အရက်မူးလာသောအခါ ဖုံးရှောင်ကို ပွေ့ဖက်လိုက်ပြီး....

'ငါက မင်းကိုသဘောကျတယ်၊ မင်းအတွက် ငါငွေတွေအများကြီး ရှာလာခဲ့တယ်'

ဟု ပြောလိုက်သည်။



ဖုံးရှောင်က လှပစွာပြုံးလိုက်သည်။

'ရှင်သဘောကျတယ်ဆိုရင် ဘာကြောင့် အချိန်ဖြုန်းနေရတာလဲရှင်'

ဟု ပြောကာ အခန်းတွင်းသို့ ဝင်သွားလေသည်။

'ဟား....ဟား....ဟား'

မုတ်ဆိတ်က ဟားတိုက်ရယ်မောလိုက်လေသည်။

ထို့နောက်....

အရက်တစ်ခွက် ငှဲ့သောက်လိုက်၏။

သူက ဖုံးရှောင်ရှိနေသောအခန်းဆီသို့ လှမ်းသွားလိုက်လေသည်။

အခန်းတွင်းမှ လှုပ်ရှားသံ သဲ့သဲ့ကြားရပြီး တိတ်ဆိတ်ငြိမ်သက်သွား၏။

မုတ်ဆိတ်က အခန်းတံခါးတွန်းဖွင့်လိုက်သည်။

ဤတွင်....

ခုတင်ပေါ်တွင် စန့်စန့်ကြီးလဲကျကာ ဦးခေါင်းနှင့် ခန္ဓာကိုယ် အိုးစားကွဲနေသော ဖုံးရှောင်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ဖုံးရှောင်ကား ရက်ရက်စက်စက် လုပ်ကြံခံလိုက်ရပြီ ဖြစ်လေသည်။

'ဟာ'

မုတ်ဆိတ် လွှတ်ခနဲအော်လိုက်လေသည်။

အဖြစ်အပျက်ကို မယုံနိုင်အောင် ဖြစ်သွားလေသည်။

ဖုံးရှောင်သည် ယခုလေးပင် ရယ်ရယ်မောမော ရှိနေခဲ့သေးသည် မဟုတ်ပါလား။

'ဖုံးရှောင်....မင်းဘယ်လိုဖြစ်ရတာလဲ'



အထိတ်တလန့် ရေရွတ်ပြီး ပြေးသွားလိုက်လေသည်။

ခုတင်အနီးသို့ ရောက်သွားလျှင်ဝင်းလက်တောက်ပသော ဓားရောင်တစ်ချက် ထွက်ပေါ်လာလေသည်။

ခုတင်အောက်မှ ဓားတစ်ချက် တိုးထွက်လာ၏။

ဓားမှာ ခရမ်းရောင်သမ်းနေပြီး အလွန်ထက်မြက်လ
သည်။

မုတ်ဆိတ်၏ ခြေနှစ်ဖက်တွင် သွေးခြင်းခြင်းနီရဲသွားပြီး...

'ဝုန်း....'

ကြမ်းပြင်ပေါ် အရှပ်ကြီး ပြုတ်လဲကျသွားလေသည်။

'ဘယ်သူလဲ'

မုတ်ဆိတ်က အထိတ်တလန့် အော်လိုက်လေသည်။

ထိုစဉ်....

'ကျုပ်ပါ'

အေးတိအေးစက်အသံ ထွက်ပေါ်လာခဲ့လေသည်။

မုတ်ဆိတ်ကြည့်လိုက်သောအခါ ကျန်းဟိုကိုတွေ့မြင်လိုက်ရလေသည်။

မုတ်ဆိတ် မျက်လုံးပြူးသွားလေသည်။

'မင်း....မင်း'

ကျန်းဟိုက....

'ခင်ဗျားက ကျုပ်ကိုလာပြီး ရန်စခဲ့တာကိုး'

ဟု ပြောလိုက်သည်။

မုတ်ဆိတ်က....

'မင်း....'

ကျန်းဟိုက....

'ကျုပ်နဲ့ဝေးဝေး ရှောင်နေခဲ့မယ်ဆိုရင် ခုလိုဖြစ်စရာအကြောင်း မရှိဘူးပေါ့ဗျာ'



မုတ်ဆိတ် ကောင်းကောင်းနားလည်သွားပြီ ဖြစ်ပါသည်။

ကျန်းဟိုအား ဒုက္ခပေးခဲ့ခြင်းကြောင့် သူတို့လူစု ဒုက္ခရောက်ခဲ့ရပြီ မဟုတ်ပါလား။

ကျန်းဟိုက....

'ကဲ....ကျုပ်နေတဲ့နေရာကို ခင်ဗျား ဘယ်လိုသိသွားတာလဲ ပြောပါဦး'

ဟု မေးလိုက်သည်။

မုတ်ဆိတ်က....

'ငါက အမှန်အတိုင်းပြောပြရင် မင်းက ချမ်းသာပေးမှာလား'

ကျန်းဟိုက....

'ခင်ဗျား လိမ်တာလား၊ အမှန်အတိုင်းပြောတာလားဆိုတာ ကျုပ်က စဉ်းစားပြီးမှ ပြောနိုင်မယ်'

မုတ်ဆိတ်က....

‘ကောင်းပြီ၊ ကျုပ်က မင်းကိုဒုက္ခပေးခဲ့ရတာဟာ မင်းဆီမှာ ငွေတွေအများကြီးရထားတယ်ဆိုတဲ့ သတင်းကြောင့်ပဲ’

ကျန်းဟိုက....

‘ဘယ်သူက သတင်းပေးခဲ့တာလဲ’

မုတ်ဆိတ်က....

‘နဂါးမြစ်ညီနောင် သုံးဖော်’

ကျန်းဟို မျက်မှောင်ကုတ်သွားသည်။

‘လက်စသတ်တော့ သူတို့သုံးယောက်ကိုး’

‘ဟုတ်တယ်၊ သူတို့က မင်းနဲ့ အလုပ်တစ်ခု တွဲလုပ်ခဲ့ကြတယ်၊ ငွေတွေအများကြီးရခဲ့တာကို မင်းက တစ်ပတ်ရိုက်သွားခဲ့တယ်လို့ ပြောကြတယ်’

ကျန်းဟိုက....

‘ဒါနဲ့ ခင်ဗျားက ငွေလိုချင်လို့ ကျုပ်ဆီကို လာခဲ့တာပေါ့ ဟုတ်လား’



‘ဟုတ်တယ်၊ ငွေများများရမယ်ဆိုရင် ဘယ်သူက မလိုချင်ဘဲ နေမှာလဲ’

ကျန်းဟိုက....

‘ခင်ဗျားရဲ့လောဘက ခင်ဗျားကို ဒုက္ခရောက်စေခဲ့တာပဲဗျ....’

မုတ်ဆိတ်က....

‘ကျုပ်နားလည်ပါပြီဗျာ’

ဟု ပြောလေသည်။

ကျန်းဟိုက....

‘နောင်တဆိုတာ နောက်မှရတဲ့ကိစ္စပဲ၊ ပြန်ပြီးပြင်လို့မရတော့ဘူးလေ’

မုတ်ဆိတ်က....

‘မင်းက ငါ့ကိုချမ်းသာပေးမှာလား’

ကျန်းဟို ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

မုတ်ဆိတ် အံ့သြသွားလေသည်။

'မင်း....မင်း....တကယ်ပြောတာနော်'

'တကယ်ပေါ့'

'ကျေးဇူးတင်လိုက်တာကွာ'

ကျန်းဟိုက....

'ကျုပ်ကို ကျေးဇူးတင်စရာမလိုပါဘူး၊ ကျုပ်ဆီက ယူသွားတဲ့ငွေတွေသာ ပြန်ပေးပါ'

'အပြင်ဘက်က စားပွဲပေါ်မှာတင်ထားတယ်'

'ကောင်းပြီ'

ကျန်းဟိုက အခန်းတွင်းမှထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

မုတ်ဆိတ်က....



'မင်းက ကျုပ်ကို တကယ်ပဲ အသက်ချမ်းသာပေးမှာနော်'

ဟု မေးလေသည်။

ကျန်းဟိုက ရယ်မောလိုက်သည်။

'စိတ်ချပါဗျာ၊ ဘာလဲ ခင်ဗျားရဲ့အသက်ကို ချမ်းသာပေးခဲ့လို့ ခင်ဗျား အံ့သြနေတာလား'

မုတ်ဆိတ်က....

'ဟုတ်တယ်'

ဟု အမှန်အတိုင်း ဝန်ခံလိုက်လေသည်။

ကျန်းဟိုက....

'ကျုပ်က ဘာကြောင့် ချမ်းသာပေးခဲ့တယ်လို့ ခင်ဗျား ထင်သလဲ'

မုတ်ဆိတ်က....

'ကျုပ်....ကျုပ်က မင်းရဲ့ငွေတွေ ပြန်ပေးလို့မဟုတ်လား'

'မဟုတ်ဘူး'

'ဒါဆို'

'ခင်ဗျားရဲ့ ခြေထောက်နှစ်ဖက် အသုံးမပြုနိုင်တော့လို့ပေါ့'

'ဟင်'

မုတ်ဆိတ် လွှတ်ခနဲအော်လိုက်လေသည်။

ယခု....

ကျန်းဟိုက သူ့အား အဘယ်ကြောင့် အသက်ချမ်းသာပေးခဲ့သည်ကို သဘောပေါက်လိုက်ပြီ ဖြစ်လေသည်။

သူ၏ခြေထောက်နှစ်ဖက်သည် လုံးဝအသုံးပြု၍ မရနိုင်လောက်အောင် ဖြစ်နေပြီမဟုတ်ပါလား။

ဒုက္ခိတတစ်ယောက် ဖြစ်သွားပြီမို့ သူ၏ဘဝဆုံးရှုံးရပြီဖြစ်သည်။



သူ၏လက်ချက်ကြောင့် ဒုက္ခရောက်ခဲ့ရသူများသည် သူ့အား ကောင်းကောင်းကြီး ဒုက္ခပြန်ပေးကြတော့မည် ဖြစ်သည်။

မုတ်ဆိတ် မျက်နှာပျက်သွားပြီး....

'မင်း....မင်း လူယုတ်မာ'

ဟု အော်ဟစ်လိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကျန်းဟိုက တိုးညင်းစွာရယ်မောကာ အခန်းတွင်းမှ တိတ်တဆိတ် ထွက်သွားလေတော့သည်။

* * *

ဇီးကွက်။

ဇီးကွက်သည် တိရစ္ဆာန်တစ်ကောင်၏အမည် မဟုတ်ပါ။ ဒုစရိုက်လောကသားများ ပေးထားကြသည့် သတ္တဝါတစ်ကောင်ဖြစ်သည်။

ဇီးကွက်သည် ညဘက်တွင် ကျင်လည်ကျက်စားသည့် သတ္တဝါတစ်ကောင် ဖြစ်သည်။

ဇီးကွက်ဟူသောအမည်ကို ခံယူထားသူသည်လည်း ဒုစရိုက်လောက အမှောင်နယ်တွင် ကျင်လည်ကျက်စားနေသူ ဖြစ်သည်။

ငှက်ဇီးကွက်သည် ပညာရှိဟု အိပ်ရာဝင်ပုံပြင်များတွင် ပါရှိတတ်ပေသည်။

လူဇီးကွက်သည်ကား လူဆိုးလူမိုက်တစ်ယောက်ဖြစ်သည်။

သို့တိုင်....

ဒုစရိုက်လောကမှ သတင်းများကို သူတစ်ပါးထက်ပို၍ သိသူဖြစ်၍ ပညာရှိတစ်ယောက်ပမာ ရှိနေ၏။

ယခု....

ကျန်းဟိုသည် ဇီးကွက်ထံသို့ ရောက်ရှိလာလေသည်။

* * *

ဇီးကွက်နှင့်တွေ့ဆုံခြင်း

---

ဇီးကွက်သည် မလှုပ်မယှက်ထိုင်နေသော ကျန်းဟိုအား မြူးကျယ်သောမျက်လုံးများဖြင့် အကဲခတ်ကြည့်နေ၏။

ဇီးကွက်၏နံဘေး၌ လူသန်ကြီးနှစ်ယောက်ရှိနေသည်။ ဇီးကွက်၏သက်တော်စောင့်များ ဖြစ်ကြလေသည်။

အတန်ကြာအောင် အကဲခတ်နေပြီးမှ....

'မင်းဟာ မြေပွေးတစ်ကောင်ထက်တောင် ကြောက်စရာကောင်းတယ်လို့ သတင်းတွေ ထွက်ပေါ်နေတာပဲ၊ ဒါပေမယ့် ခုလို လူကိုယ်တိုင်တွေ့ရတော့ မင်းဟာ ကြားရသလောက် မဆိုးဘူးလို့ ငါယုံကြည်မိတယ်'

ဟု ပြောလိုက်၏။

ကျန်းဟိုက....

'ကျုပ် ဘယ်တုန်းကမှ မဆိုးခဲ့ဘူးဗျ၊ ကျုပ်အလုပ်ကို ကာဝန်ကျေအောင်လုပ်တယ်၊ ကျုပ်ကို စော်ကားလာတဲ့ လူတွေကို ဆုံးမတယ်၊ ဒါလောက်ပါပဲဗျာ'

ဇီးကွက်ကဲ...

'ငါ့ဆီလာခဲ့တာက'

ကျန်းဟိုက....

'သိုင်းလောကမှာ ခင်ဗျားမသိတာ ဘာတစ်ခုမှ မရှိဘူးလို့ သတင်းတွေထွက်ပေါ်နေခဲ့တာ ကြာပါပြီ၊ အဲဒီသတင်းတွေဟာ တကယ်ပဲ ဟုတ်,မဟုတ် ကျုပ်ကလာပြီး လေ့လာတာပါ'

ဇီးကွက် ရယ်မောလိုက်လေသည်။

'မင်းကဲ ငါ့ဆီက သတင်းစုံစမ်းချင်လို့ကိုး'



ကျန်းဟိုက....

'ဟုတ်တယ်'

ဇီးကွက်က....

'မင်းမှာ ငွေဘယ်လောက်ပါသလဲ'

ဟု မေးသည်။

ကျန်းဟိုက....

'ကျုပ်က ထိုက်ထိုက်တန်တန်ပေးမှာပါ'

ဇီးကွက်က ရယ်မောလိုက်ပြန်သည်။

'ထိုက်ထိုက်တန်တန်ဆိုတာ ဘယ်လိုလဲ'

ကျန်းဟိုက....

'ခင်ဗျားအတွက် ခင်ဗျားရဲ့အသက်ဟာ တန်ဖိုး အရှိဆုံးပဲ မဟုတ်လားဗျာ'

'ဘာ'

ဦးကွက် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကျန်းဟိုက....

'ကျုပ် သိချင်တဲ့ သတင်းတစ်ခုရှိတယ်၊ ခင်ဗျားမပြောဘဲ နေမယ်ဆိုရင် ခင်ဗျားရဲ့အသက် ဆုံးရှုံးသွားမှာပဲ'

ဦးကွက်က....

'လက်စသတ်တော့ မှင်းက ငါ့ကိုလာပြီး ခြိမ်းခြောက်နေတာကိုး'

ကျန်းဟိုက....

'ခြိမ်းခြောက်တာ မဟုတ်ဘူး၊ ကျုပ်ကဲ့ သတင်းအမှန်ကိုပဲ လိုချင်တာပါ'

ဦးကွက်က....

'ကျုပ်အတွက်ကတော့ အသက်ထက် ငွေကပိုပြီး တန်ဖိုးကြီးပါတယ်'



ကျန်းဟိုက....

'ကောင်းပြီ၊ ကျုပ် ဘယ်လောက်ပေးရမလဲ ပြောပါ'

ဦးကွက်က....

'မင်းရဲ့ သတင်းအပေါ်မှာ မူတည်တယ်၊ ကျုပ်က ပြောမပြရင် ကျုပ်ရဲ့အသက်ကိုတောင် ရှန်ရှာမယ်ဆိုတော့ အင်းအနည်းဆုံး ငွေတစ်သောင်းပေးရမယ်'

ကျန်းဟိုက....

'ခင်ဗျားပြောတာ မှန်ရင် ပေးမယ်'

ဦးကွက် ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က ငွေကိုအရင်မရဘဲ မပြောဘူး၊ ဒါ ထုံးစံပဲ'

ကျန်းဟိုက....

'ကောင်းပြီ'

သူ၏ လက်နှစ်ဖက်ကို စားပွဲပေါ်တင်လိုက်သည်။

ကြေးပြားခလေးနှစ်ပြားသာ ပါရှိလေသည်။

'ဟောဒီ ကြေးပြားနှစ်ပြားပေးမယ်'

ဇီးကွက် ဒေါပွသွားလေသည်။

'မင်း သေချင်ပြီလား'

ထိုစဉ်....

'ထောက်....ထောက်'

ကျန်းဟိုက ထောက်ထုတ်လိုက်သောအခါ ကြေးပြားလေးသည် ရှတ်တရက်ပစ်လွှင့်သွားလေသည်။

ထိုကြေးပြားနှစ်ပြားသည် ဇီးကွက်၏ သက်တော်စောင့်နှစ်ယောက်၏ နဖူးပေါ်၌ စိုက်ဝင်သွား၏။

'အား....'

'အီး'

သက်တော်စောင့်များ ဖြစ်ကြသော လူသန်ကြီး နှစ်ယောက်သည် ညည်းတွားရင်း ကြမ်းပြင်ပေါ် လဲကျသွားလေတော့သည်။

* * *



ဇီးကွက် သက်ပြင်းချလိုက်သည်။

ကျန်းဟိုသည် သူ့အား အချိန်မရွေးသတ်ပစ်နိုင်ကြောင်း သဘောပေါက်သွားပြီ ဖြစ်လေသည်။

ထို့ကြောင့်....

'မင်း ဘာသိချင်သလဲ'

ဟု မေးလိုက်လေသည်။

ကျန်းဟိုက....

'နဂါးမြစ် ညီနောင်သုံးဖော် ဘယ်မှာရောက်နေကြသလဲ ဆိုတာ ကျုပ် သိချင်တယ်'

ဟု မေးလိုက်လေသည်။

'ဩြော်....သူတို့သုံးယောက်အကြောင်း မင်း သိချင်နေတာကိုး'

'ဟုတ်တယ်'

'သူတို့ တောင်ပိုင်းမှာ ရောက်နေကြတယ်'

နဂါးမြစ် ညီနောင်သုံးဖော် ရောက်ရှိနေသည့် အရပ်ဒေသကို ပြောပြလိုက်လေသည်။

ကျန်းဟိုက ထိုင်ရာမှထလိုက်သည်။

ထို့နောက်....

ဇီးကွက်ကို နှုတ်ဆက်ခြင်းပင် မပြုဘဲ ထွက်သွားလေတော့သည်။

*　　*　　*

ဇီးကွက် သက်ပြင်းချလိုက်လေသည်။

ကြမ်းပြင်ပေါ်၌ လဲကျနေသော သက်တော်စောင့် နှစ်ယောက်ကို ကြည့်လိုက်လေသည်။

'ကျန်းဟိုဟာ အတော့်ကို ကြောက်စရာ ကောင်းတဲ့ လူတစ်ယောက်ပဲ၊ သူဟာ ဘယ်သူ့ကိုမှ အမှုမထားဘဲ ထင်ရာ



စိုင်းနေတယ်၊ သူ့ရဲ့ ရက်စက်ကြမ်းကြုတ်မှုကြောင့် တစ်နေ့ ဒုက္ခရောက်ရလိမ့်မယ်'

ဟု ရေရွတ်လိုက်လေသည်။

ဦးခေါင်းသွင်သွင် ခါယမ်းလိုက်ပြီး....

'တစ်နေ့မဟုတ်ဘူး၊ မကြာခင် သူ ဒုက္ခရောက်ရတော့
မှာပဲ၊ ငွေခေါ်ား ရှောင်စန်းကို သူက လုပ်ကြံခဲ့တယ်၊ ဒါ
ကြောင့် ငွေခေါ်ားရှောင်စန်းရဲ့ မိတ်ဆွေ သိုင်းသမားတွေဟာ
သူ့ကိုလိုက်ရှာနေကြပြီ၊ အဆိုးဆုံးကတော့ ငွေခေါ်ား ရှောင်
စန်း အသက်ကယ်ထားခဲ့ဘူးတဲ့ခေါ်ားဘီလူးပဲ၊ ခေါ်ားဘီလူးဟာ
တစ်ချိန်က သိုင်းလောကတစ်ခုလုံး တုန်လှုပ်ချောက်ချား
အောင် မွှေနှောက်ပြီး ဒုက္ခပေးခဲ့တာပေါ့၊ အဖြူရောင်
သိုင်းထိပ်သီးတွေဝိုင်းပြီး တိုက်ခိုက်ကြတော့မှ အရေးနိမ့်ပြီး
ထွက်ပြေးသွားတယ်၊ သူဟာ ဒဏ်ရာအပြင်းအထန် ရသွားပြီး
သေလုမျောပါးဖြစ်နေချိန်မှာ သူ့ရဲ့အမှားတွေကို နောင်တ
ရလာခဲ့တယ်၊ ဒီအချိန်မှာပဲ ငွေခေါ်ားရှောင်စန်းနဲ့ ဆုံတွေ့ခဲ့
ရတာ၊ ရှောင်စန်းက သူ့ရဲ့အသက်ကို ကယ်ခဲ့တယ်၊ ခေါ်ား
ဘီလူးဟာ နေကောင်းပြီး ကျန်းမာလာတော့ မကောင်းမှု
တွေကို မလုပ်တော့ဘူး၊ အရှေ့ပင်လယ်ကို ထွက်သွားပြီး
ဇာတ်မြှုပ်နေခဲ့တယ်၊ တကယ်လို့သာ ရှောင်စန်း လုပ်ကြံ
ခံလိုက်ရတယ်ဆိုတာ သိသွားမယ်ဆိုရင် ကျန်းဟို ဘယ်လွယ်ပ
မလဲ'

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်ပြန်လေသည်။

အကယ်၍....

သူရွတ်နေသော စကားသံများကို ကျန်းဟို ကြားနိုင်မည်ဆိုပါလျှင် ကျန်းဟိုကား ထွက်သွားပြီဖြစ်လေသည်။

*  *  *

## နဂါးသုံးဖေဘ်ကံကြမ္မာ

'မပြေးနဲ့'

'လိုက်ကြဟေ့'

'မလွတ်စေနဲ့၊ ဝိုင်းထား'

ဩသံပေးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လူတစ်စုသည် လက်နက်ကိုယ်စီဆွဲကိုင်ကာ လိုက်လာကြပြီး လူတစ်ယောက်က ရှေ့မှ သေပြေးရှင်ပြေး ပြေးနေသည်။

လမ်းကြားလေးထဲ ရောက်လာကြသောအခါ...

'ချက်'

'သတ်ပစ်'

နောက်မှလိုက်လာကြသော လူအုပ်ကြီးသည် ဩသံပေးကာ ခဲးလှ'လက်နက်များဖြင့် ပစ်ပေါက်ကြလေသည်။

'ဝှစ်...ဝှီး....ဝှီး'

လက်နက်များ တရစပ် ပစ်လွှင့်လာသဖြင့် ရှေ့မှပြေးနေသူသည် အထိတ်တလန့် ရှောင်တိမ်းလိုက်လေသည်။

လက်နက်များသည် သူ၏အနီးမှ ဝှစ်ခနဲ ဝှစ်ခနဲ ဖြတ်ကျော်သွားကြ၏။

ထိုလူသည် ရှောင်ရင်းတိမ်းရင်း ဆက်၍ပြေးလွှားသွား၏။

ထိုစဉ်....

'မင်းဘယ်ပြေးမလဲ'

'လမ်းပိတ်ထားကြဟေ့'

'ဝိုင်းထား'

အော်သံဟစ်သံများ ထွက်ပေါ်လာလေသည်။



လမ်းကြားတစ်ဖက်မှ လူတစ်စုထွက်ပေါ်လာပြီး ပိတ်ဆို့ထားလိုက်ကြလေသည်။

ရှေ့တွင် လူအုပ်ကြီးက လမ်းပိတ်ထားသလို နောက်ကျောဘက်၌လည်း လူအုပ်ကြီးက ဩသံပေးကာ လိုက်လာကြသည်။

ပြေးလွှားလာသူမှာ လမ်းပိတ်နေပြီဖြစ်ရာ ရှေ့ဆက်မပြေးနိုင်ပါတော့ချေ။

ထိုလူမှာ နဂါးမြစ်ညီနောင်သုံးဖော်တွင် ပါဝင်သည့် လုံစန်းဖြစ်သည်။

လုံစန်း ထိတ်လန့်သွားသည်။

သူက အိမ်တစ်အိမ်ကို ဝံးပြတိုက်ရန် ကြိုးစားခဲ့ရာမှ ယခုလို အဖြစ်ဆိုးနှင့် ကြုံတွေ့ရခြင်း ဖြစ်လေသည်။

'မလွှတ်စေနဲ့'

'ဆုံးမလိုက်ကြဟေ့'

'သိကြသေးတာပေါ့'

လူအုပ်ကြီးသည် ဩသံပေးကာ ရှေ့နောက်နှစ်ဖက်ညှပ်ပြီး ရှေ့တိုးလာကြလေသည်။

လုံစန်းကား ပြေးမလွတ်တော့ပါ။

လူအုပ်ကြီး၏လက်ချက်ဖြင့် မရှုမလှ ဒုက္ခရောက်ရတော့မည် ဖြစ်လေသည်။

ထိုစဉ်....

'အပေါ်ကို မြန်မြန်တက်ပါ'

စကားသံတစ်ချက် ထွက်ပေါ်လာသည်။

အိမ်ခေါင်မိုးတစ်ခုပေါ်မှ ကြိုးတစ်ချောင်းကျလာသည်။

လုံစန်း ဝမ်းသာသွားသည်။

ကြိုးစကို ကပျာကယာ လှမ်းဆွဲလိုက်၏။

ထိုအခါ....

ခေါင်မိုးပေါ်မှလူသည် လုံစန်းကို ခေါင်မိုးပေါ်သို့ ဆွဲတင်သွားလေသည်။

လုံစန်းမှာ ခေါင်မိုးပေါ်သို့ စွေ့ခနဲ ရောက်ရှိသွားလေတော့သည်။

'ပြေးပြီဟေ့'



'မလွတ်စေနဲ့'

'ချကွ'

လူအုပ်ကြီးက ငြာသံပေးကာ ခဲးလှံ လက်နက်များဖြင့် ပစ်ပေါက်လိုက်ကြပြန်သည်။

လက်နက်များသည် တဝီးဝီးမြည်ကာ ပစ်လွင့်လာလေသည်။

သို့သော်....

လုံစန်းမှာ မမျှော်လင့်ဘဲ ထွက်ပေါ်လာသော ကယ်တင်ရှင်ကြောင့် အသက်ဘေးမှ လွတ်မြောက်သွားပြီ ဖြစ်လေသည်။

ခေါင်မိုးပေါ်သို့ရောက်သွားလျှင် ကယ်တင်ရှင်က....

'လာ....ကျုပ်နောက်လိုက်ခဲ့'

ဟု ပြောကာ ခေါ်ဆောင်သွားလေသည်။

လုံစန်းသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ပြေးလွှားလိုက်ပါသွားလေတော့သည်။

*　　*　　*

## လုံစန်း၏ကယ်တင်ရှင်

ညဉ့်နက်ပြီဖြစ်သည်။

မြို့ပြင် တောင်ကုန်းလေးပေါ်ရှိ ဘုံကျောင်းပျက်အတွင်း၌ မီးရောင်များ ထွက်ပေါ်နေလေသည်။

ဘုံကျောင်းပျက်အတွင်း၌ လူနှစ်ယောက် ရှိနေလေသည်။

ထိုလူနှစ်ယောက်မှာ လုံစန်းနှင့် ကယ်တင်ရှင်တို့ ဖြစ်ကြလေသည်။

ဘုံကျောင်းအတွင်း၌ မီးပုံတစ်ခုရှိနေပြီး ကြက်တစ်ကောင်ကို မီးကင်ထားလေသည်။



ကြက်ကင်မှ မွှေးကြိုင်သင်းပျံ့သော အနံ့အသက်များ ထွက်ပေါ်နေလေသည်။

ထို့အပြင်....

မီးပုံရှေ့၌ အရက်အိုးတစ်လုံး ချထားလေသည်။

လုံစန်းသည် ကြက်ကင်နှင့်အရက်အိုးကိုကြည့်ကာ သွားရည်တမြားမြား ဖြစ်နေ၏။

သူ့အားကယ်တင်လာခဲ့သူက ကျောခိုင်းထားလေသည်။

အိမ်ခေါင်မိုးအပေါ်၌ စတင်တွေ့ရှိခဲ့ရချိန်မှစပြီး ဘုံကျောင်းပျက်ကို ရောက်လာသည့်တိုင် ထိုလူ၏မျက်နှာကို မတွေ့မမြင်ရပါချေ။

ယခုလည်း ထိုလူက ကျောခိုင်းထားလေသည်။

လုံစန်းသည် ထိုလူအား အကဲခတ်ကြည့်လိုက်ပြီး....

'ကျုပ်ကို ကယ်တင်လာခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ အရက်နဲ့ကြက်ကင်ကို စားသောက်ခွင့် ပြုမယ်ဆိုရင်တော့ ပိုပြီးကျေးဇူးတင်ရမှာပါ'

ဟု ပြောကာ ရယ်မောလိုက်လေသည်။

ဆိုလှူက....

'စားပါ'

ဟု ပြောလေသည်။

လုံစန်းသည် အရက်အိုးကိုဆွဲယူကာ မော့ချလိုက်သည်။

ကြက်ကင်ကိုလည်း မီးပုံပေါ်မှဆွဲယူကာ ကိုက်ဖဲ့စား သောက်လိုက်လေသည်။

ကြက်ကင်က မွှေးကြိုင်ကာ အရသာရှိလှပေသည်။

အရက်ကလည်း ကောင်းလေသည်။

လုံစန်းက....

'ကျေးဇူးပဲဗျို့'

ဟု ပြောလိုက်သည်။

ထိုလူက....

'စားလို့ကောင်းတယ် မဟုတ်လား'

ဟု မေးလေသည်။



လုံစန်းက....

'ဘယ်လိုပြောပါလိမ့်ဗျာ၊ ကျုပ်တစ်သက်မှာ ဒီလောက်ကောင်းတဲ့ ကြက်ကင်နဲ့အရက်ကို တစ်ခါမှ မစားဖူးခဲ့ဘူးဗျ'

ဟု ပိုပိုသာသာ ပြောလိုက်သည်။

ထို့အပြင်....

'ခင်ဗျားအသံကို ကြားဖူးသလိုပဲ'

ဟု ပြောလိုက်သည်။

ထိုလူက....

'အသံကိုပဲလား၊ ကျုပ်ကို မှတ်မိမယ်လို့ထင်နေတာ'

ထိုစကားကြောင့် လုံစန်းမှာ မျက်မှောင်ကုတ်သွားလေသည်။

အရက်အိုးကို ချထားလိုက်သလို ကြက်ကင်ကိုလည်း ချထားလိုက်လေသည်။

ထိုလူကို စိုက်ကြည့်ကာ....

'ခင်ဗျားက ဘယ်သူလဲ'

ဟု မေးလိုက်သည်။

ထိုလူက....

'ကျုပ်ကို တကယ်ပဲ မမှတ်မိဘူးလား'

ပြောရင်း လုံစန်းဘက်သို့ မျက်နှာလှည့်လာလေသည်။

ထိုလူ၏မျက်နှာကို တွေ့မြင်လိုက်ရလျှင်....

'ဟာ'

လုံစန်း လွှတ်ခနဲ အော်လိုက်လေသည်။

ထိုလူကို မျက်လုံးပြူးကြည့်လိုက်ပြီး....

'မင်း....မင်း....ကျန်းဟို'

ဟု တအံ့တဩရေရွတ်လိုက်လေသည်။

လုံစန်းအား ကယ်ဘင်လိုက်သူမှာ ကျန်းဟို ဖြစ်နေပါတော့သည်။

ကျန်းဟိုက....



'ခင်ဗျား အံ့ဩသွားသလား'

ဟု မေးလိုက်၏။

ငွေဓားရှောင်စန်းအား လုပ်ကြံသည့်ကိစ္စနှင့် ပတ်သက်၍ ကျန်းဟိုအပေါ်တွင် အကောက်ကြံခဲ့ကြသည် ဖြစ်ရကား လုံစန်း ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်နေပါတော့သည်။

ကျန်းဟိုက....

'ကျုပ်က လူသတ်တဲ့အလုပ်ပဲ လုပ်တယ်၊ လူကယ်တာ ဒါပထမဆုံးအကြိမ်ပဲ'

ဟု ပြောလေသည်။

လုံစန်းက ဟန်ဆောင်ရယ်မောလိုက်လေသည်။

'ခင်ဗျားဟာ တကယ့်ကို ထူးဆန်းတဲ့လူတစ်ယောက် ဖြစ်သွားပြီပေါ့ဗျာ'

ကျန်းဟိုကလည်း ရယ်မောလိုက်လေသည်။

'ဟုတ်တယ်၊ ကျုပ်က လူထူးလူဆန်းတစ်ယောက်ပဲ'

လုံစန်းက....

'ကျုပ်တို့မတွေ့တာတောင် အတော်ကြာသွားပြီနော်၊ နေပါဦး၊ ခင်ဗျားက ဒီမြို့ကို ဘာကိစ္စနဲ့ရောက်နေတာလဲ'

ကျန်းဟိုက....

'လူတစ်ယောက်ကို လာရှာတာ'

'ဘယ်သူလဲဗျ'

'အဲဒီလူက အိမ်တစ်အိမ်ကို ခားပြတိုက်ဖို့ ကြံစည်နေတယ်လေ၊ ကျုပ်က အိမ်ရှင်တွေကို ကြိုပြီး သတင်းပေးလိုက်တယ်၊ ဒီတော့ ခားပြဝင်တိုက်တဲ့အခါ ဒုက္ခရောက်ရတာပေါ့'

'ဘာဗျ'

လုံစန်း ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

ကျန်းဟိုကို မျက်လုံးပြူးကာကြည့်လိုက်ပြီး....

'ဒါ....ဒါဖြင့် ကျုပ်ခားပြတိုက်မယ့်ကိစ္စကို ခင်ဗျားက ကြိုပြီးသိနေတယ်ပေါ့၊ ဟုတ်လား'

ကျန်းဟိုက....

'ဟုတ်တယ်'

'အိမ်ရှင်တွေသိအောင် ကြိုပြီးသတိပေးတာလဲ ခင်ဗျားပဲ ဟုတ်လား'

'ဟုတ်တယ်'



'ခင်....ခင်ဗျား'

လုံစန်း မကျေမနပ်ဖြစ်သွားလေသည်။

'ခင်ဗျား ဘာကြောင့် ဒီလိုလုပ်ရတာလဲ'

ဟု ဝေါက်လိုက်လေသည်။

ကျန်းဟိုက....

'မင်းတို့ကကော ဘာကြောင့် ကျုပ်ကို ဒုက္ခပေးဖို့ ကြိုးစားရတာလဲ'

-'ခင်ဗျား'

ကျန်းဟိုက....

'ကဲ....လုံအေ့ာနဲ့ လုံတ ဘယ်မှာလဲ ပြောစမ်း'

ဟု မေးလိုက်သည်။

လုံစန်း နှာခေါင်းရှုံ့လိုက်ပြီး....

'ခင်ဗျား မေးတိုင်း ကျုပ်က ပြောရမှာလား'

ကျန်းဟိုက....

'မပ်း မပြောချင်ရင်လဲ နေပေါ့၊ မင်းစားခဲ့တဲ့ ကြက်သားနဲ့ မင်းသောက်လိုက်တဲ့အရက်ထဲမှာ အဆိပ်ခတ်ထားတယ်ဆိုတာ မင်းက....'

သူ၏စကားမဆုံးမီ....

'ခင်ဗျား လူယုတ်မာပဲ'

လုံစန်းက ဒေါသတကြီး အော်ပြောလိုက်လေသည်။

ကျန်းဟိုက....

'တကယ်လို့ လုံအောနဲ့လုံတ ဘယ်မှာရှိတယ် ဆိုတာကို မင်းပြောမယ်ဆိုရင်တော့'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

လုံစန်းက....

'ကျုပ်က ခင်ဗျားကို ကြောက်နေမယ်များ ထင်နေသလား'

ဟု အော်ဟစ်ကာ လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

သို့သော် သူ၏ခန္ဓာကိုယ် လှုပ်ရှားလိုက်သည်နှင့် ပြင်းထန်သော အဆိပ်၏အာနိသင် ထွက်ပေါ်လာပြီး....

'ဝုန်း'

ကြမ်းပြင်ပေါ် လဲကျသွားလေသည်။

လုံစန်းသည် ကြမ်းပြင်ပေါ်တွင် ခြေလက်များ တွန့်လိမ်ကောက်ကွေးသွားကာ အသားများ တဆတ်ဆတ်တုန်ယင်နေတော့သည်။



အဆိပ်ဒဏ်ကို အပြင်းအထန်ခံစားနေရခြင်း ဖြစ်ပေသည်။

ကျန်းဟိုက....

'အတော့်ကို ကြောက်စရာကောင်းတဲ့ အဆိပ်ပဲ'

ဟု ပြောလိုက်သည်။

လုံစန်း ထိတ်လန့်သွားသည်။

အသက်အန္တရာယ် ကြုံလိုက်ရပြီဖြစ်ရာ....

'ကျုပ်....ကျုပ်ကို အဆိပ်ဖြေဆေးပေးပါ'

ဟု တောင်းပန်လိုက်လေသည်။

ကျန်းဟိုက....

'လုံတနဲ့လုံအော ဘယ်မှာလဲ'

'သူ....သူတို့....'

လုံစန်း သည် ကျန်းဟို အလိုရှိနေသောနေရာကို ပြောလိုက်လေသည်။

ကျန်းဟိုက....

'မင်း သေချာတယ်နော်'

လုံစန်းက....

'သေချာပါတယ်ဗျာ၊ ကျုပ် မလိမ်ရပါဘူး၊ ကျုပ်ကို အဆိပ်ဖြေဆေး ပေးပါတော့ဗျာ၊ ဝေဒနာ ခံစားရတာ ဆိုးရွားလွန်းလို့ပါ'

ခြေသလုံးဖက်မတတ် တောင်းပန်တိုးလျှိုးလိုက်လေသည်။

ကျန်းဟိုက....

'ရွှေခဲကို လုပ်ကြံစရာမလိုပါဘူး၊ ငွေခဲကိုပဲ လုပ်ကြံဖို့ မှင်းတို့အလုပ် လက်ခံခဲ့ကြတယ်၊ ကျုပ်ကို တစ်ပတ်ရိုက်ပြီး ငွေခဲကို လုပ်ကြံခိုင်းတယ်၊ ရတဲ့ငွေကို ခေါင်းပုံဖြတ်ယူကြတယ်၊ ဒါတင်မကသေးဘူး၊ ကျုပ်က ငွေတွေ အများကြီး ရထားတယ်လို့ သတင်းလွှင့်လိုက်တော့ မှတ်ဆိတ်တို့ လူစုက ကျုပ်ကို လုပ်ကြံဖို့ ကြိုးစားခဲ့ကြတယ်၊ ကျုပ်ကို ဒီလို ဒုက္ခပေးပြီးမှ အဆိပ်ဖြေဆေးကို လိုချင်သေးသလား'

'ခင်....ခင်ဗျား'

'မပူပါနဲ့လေ၊ အဆိပ်က ပြင်းပေမယ့် မသေနိုင်ပါဘူး၊ သွေးကြောတော့ ပျက်စီးသွားရုံ လောက်ပါပဲ၊ တစ်ခုတော့ ရှိတယ်၊ ခြေလက်တွေ တစ်သက်လုံး လှုပ်ရှားလို့ရတော့မှာ မဟုတ်ဘူး'

လုံစန်းသည် အကြီးအကျယ် ကြောက်ရွံ့ ထိတ်လန့်သွားလေသည်။



'ကျုပ်....ကျုပ် ဒီလိုဘဝမျိုးမနေချင်ဘူး'

ဟု အော်ပြောလိုက်လေသည်။

ကျန်းဟိုက....

'စိတ်ချ၊ ကျုပ်က မှင်းကို လိုက်ရှာနေတဲ့လူတွေ ရှာလို့ တွေ့နိုင်အောင် သဲလွန်စ ချန်ထားပေးခဲ့တယ်၊ မကြာခင် ဒီနေရာကို ရောက်လာကြလိမ့်မယ်'

ထိုစဉ်....

'ဘုံကျောင်းပျက်ထဲက မီးရောင်တွေ့တယ်၊ အထဲမှာ လူရှိလိမ့်မယ်'

'မြန်မြန် လာကြဟေ့'

အပြင်ဘက်မှ ပြေးလွှားလာသော ခြေသံများနှင့်အတူ စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျန်းဟိုက....

'ပြောရင်းဆိုရင်း လာနေကြပြီ'

ဟု ပြောလိုက်သည်။

လုံစန်းက....

'ကျုပ်ကို ပစ်မထားခဲ့ပါနဲ့ဗျာ'

ငိုသံပါကြီးဖြင့် တောင်းပန်လေသည်။

ကျန်းဟိုက ပြုံးလိုက်သည်။

'ကျုပ်ကို ဒုက္ခပေးမယ်ဆိုရင် တစ်နေ့ ဒီလိုအဖြစ်မျိုးနဲ့ ကြုံတွေ့ရလိမ့်မယ်ဆိုတာကို ကြိုတင် စဉ်းစား သင့်တာပေါ့ဗျာ'

စကားဆုံးလျှင် ပြုံပျက်နေသော နံရံ၏ အပေါက်ကြီးမှ တစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်လိုက်လေသည်။

တစ်ခဏအတွင်းမှာပင် အမှောင်ထုထဲသို့ တိုးဝင်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားဇလေသည်။

ဒေါသထွက်နေသော လူအုပ်ကြီး၏ လက်တွင်းသို့ ရောက်ရှိသွားသည့် လုံစန်းမှာ....

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်းဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)

# ဝဏ္ဏအောင်

## မိုက်ကြွေးမိုက်ပြစ်

( ဒုတိယပိုင်း ဇာတ်သိမ်း )